# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၅၅)၊ ၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် ၊ ၁၉–၈–၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြား

## ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လို နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုများ တိုးတက်ကောင်းမွန်မှသာ နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာမည်

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများနှင့် အခြားသီးနှံများစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး ဘဏ္ဍာရေးနှစ်အလိုက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း

စာမျက်နှာ ၃ သို့ ❖



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

❏ ယခုကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်စွာရရှိစေရေးနှင့် မှားယွင်းမှုမရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့

❏ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန်အတွက် သဘောတူညီမှုရှိပြီးဖြစ်၊ ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

❖ *ရှေ့ဖုံးမှ*

စိမ်းလန်းစိုပြည်စေရေးနှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် အရိပ်ရလေကာပင်များစိုက်ပျိုးခြင်းနှင့် စေတီပုထိုးများတည်ထားကိုးကွယ်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ ချောက်မြို့နယ်အတွင်း အပူဒဏ်လျှော့ချနိုင်ရန်အတွက် ကြီးမြန်သစ်ပင်များစိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ အခြေခံပညာကျောင်းများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ကျန်းမာရေးကဏ္ဍမြင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေများရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် မြေအောက်တမံများ ဆောက်လုပ်ပေးမှုကြောင့် ရေလုံလောက်စွာ ရရှိသည့်အပြင် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုလျက်ရှိမှု၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ယခုနှစ်မိုးရာသီအတွင်း မိုးကောင်းစွာရွာသွန်းမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်နိုင်မှု၊ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နိုင်မှုနှင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးလျက်ရှိမှုနှင့် MSME ထုတ်ကုန်ပြပွဲများ ကျင်းပဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးမြို့ရှိ မြို့မိမြို့ဖများနှင့် တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များက ဧရာဝတီမြစ်ကြောင်းအတွင်း မကွေးဘက်ခြမ်း၌ ရာသီမရွေးကုန်တင်ကုန်ချပြုလုပ်နိုင်သည့် သင်္ဘောဆိပ်ခံတစ်ခု တည်ဆောက်ပေးစေလိုမှု၊ မကွေးမြို့နှင့် ဆက်သွယ်ထားသည့် မော်တော်ကားလမ်းများ အဆင့်မြှင့်တင်ပေးစေလိုမှု၊ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ ချည်မျှင်စက်ရုံများအား အဆင့်မြှင့်တင်ပေးစေလိုမှု၊ မကွေးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် မီးဖိုချောင်သုံးစိုက်ပျိုးသီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီအား ဈေးကွက်ရရှိရေးကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသအတွင်း စိုက်ပျိုးရန်အတွက် ပြည်ပမှ အာလူးမျိုးကောင်း မျိုးသန့်များရရှိနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြေအောက်တမံများ ဆောက်လုပ်ခြင်းကြောင့် ရေလုံလောက်စွာရရှိနိုင်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုနိုင်သဖြင့် ဆက်လက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာဉ်များသွားလာမှုအဆင်ပြေချောမွေ့စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင်ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ချည်ထည်များထုတ်လုပ်နိုင်ရေး ဝါကုန်ကြမ်းကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့်စိုက်ပျိုးရေးထွက်ကုန်များအား ပြည်ပသို့ တင်ပို့ခွင့်များအား ပြည်တွင်းစားသုံးမှုများကို မထိခိုက်ပါက တင်ပို့ခွင့်ပြုထားကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်း တို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များထိုက်သင့်သည့် ဈေးနှုန်းများရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်ပမှ အာလူးမျိုးကောင်းမျိုးသန့်များရရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့် ချည်ထည်များထုတ်လုပ်နိုင်ရေး ချည်မျှင်ရှည်ဝါများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးအတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ မင်းဘူးဒေသနှင့် အခြားဒေသများတွင် စပျစ်စိုက်ပျိုးခြင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် အနာဂတ်ကာလတွင် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ဝိုင်စပျစ်စိုက်ပျိုးခြင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ မကွေးတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ မီးခိုးမြူငွေ့များလျှော့ချရေးအတွက် ပါဝင်ဆောင်ရွက်ပေးစေလိုမှု၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုအပ်မှုနှင့် အခြားစက်ပစ္စည်းများနှင့် ငွေကြေးများလိုအပ်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ က မိမိအနေဖြင့် မကွေးမြို့သို့ မကြာခဏရောက်ရှိခဲ့ပြီး မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိပြီးကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမှု မရှိခြင်းကြောင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲစာရင်းများကို ပြန်လည်စိစစ်ခဲ့ချိန်တွင်လည်း မဲစာရင်းများမှားယွင်းမှုများကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း။

ယခုကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်စွာရရှိစေရေးနှင့် မှားယွင်းမှုမရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မကွေးမြို့ ကျက်သရေဆောင် မကွေးမြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကန်သာမင်္ဂလာကန်တော် ကန်ပတ်လမ်းကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန်အတွက် သဘောတူညီမှုရှိပြီးဖြစ်ကြောင်း၊ ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP- Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ပြည်ပနိုင်ငံများမှလည်း ထောက်ခံအားပေးမှုများရှိကြောင်း။

ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များဖြင့် မဲပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ အခြားနိုင်ငံတကာတွင်လည်း အဆိုပါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းလိုပါက ရွေးကောက်ပွဲများကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လိုကြောင်း၊ ထိုသို့ဆန္ဒမဲပေးရာတွင်လည်း ဒေသနှင့် နိုင်ငံအတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆောင်ရွက်ကြရန်လိုကြောင်း။

သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်ဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ရွေးကောက်ပွဲအားဖြစ်နိုင်ပါက တစ်ကြိမ်တည်း ကျင်းပပြုလုပ်ရန်ဟု ဖော်ပြပါရှိကြောင်း၊ သို့သော် မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ အချို့ဒေသများတွင် တည်ငြိမ်အေးချမ်းမှုများ မရှိသေးကြောင်း၊ အလားတူ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပြောင်းရွှေ့နေထိုင်နေရလျက်ရှိသည့် မဲဆန္ဒရှင်များနှင့် ပြည်ပသို့ရောက်ရှိနေသည့် မဲဆန္ဒရှင်ပြည်သူများကိုလည်း ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆင့်လိုက် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေးယခင်ကတည်းက စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ အားနည်းချက်များရှိခြင်းကြောင့် ပို့ကုန်များ အားနည်းချက်ရှိခဲ့ပြီး သယံဇာတပစ္စည်းများကိုသာထုတ်ယူသုံးစွဲခြင်းများ ပိုမိုများပြားခဲ့သည်ကိုတွေ့ရကြောင်း၊ သစ်တောသယံဇာတများထုတ်ယူသုံးစွဲမှုများပြားခဲ့ပြီး ပြန်လည်စိုက်ပျိုးထိန်းသိမ်းမှုများ အားနည်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မြေပေါ်သယံဇာတဖြစ်သည့် သစ်ပင်သစ်တောများအား ပြန်လည်စိုက်ပျိုးထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများ လျော့နည်းလာသည်ကိုတွေ့ရကြောင်း၊ မကွေးတိုင်းဒေသကြီးသည် ဝါကို အဓိကစိုက်ပျိုးသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို စံပြအဖြစ်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လူအများ၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးသည် လိုအပ်ကြောင်း၊ ဝတ်ရေးနှင့်ပတ်သက်၍ အခြေခံလိုအပ်ချက်ရှိပြီးဖြစ်သဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ပြီး ချည်ထည်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကိန်းဂဏန်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုအနေဖြင့် လက်ရှိစပါးအထွက်နှုန်းများအရ ဆန်ဖူလုံမှုများ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပြီး ဆက်လက်၍ တိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ ဒေသအတွင်းစားရေးကို အထောက်အကူဖြစ်စေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွားများကိုလည်း မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ သတ်မှတ်ထားသည့် တစ်ဧကပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင်ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေများ လုံလောက်စွာရရှိစေရေး ဧရာဝတီမြစ်အတွင်းမှ ရေများကို နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုနှစ်မိုးရာသီ၌ မိုးကောင်းစွာရွာသွန်းမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း။

ဧရာဝတီမြစ်အတွင်း Low-Head Dam များဆောက်လုပ်နိုင်သည့် နေရာများရှိကြောင်း၊ Low-Head Dam များ ဆောက်လုပ်ခြင်းဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ မြစ်ကြောင်းတစ်လျှောက် ကုန်စည်သယ်ယူ ပို့ဆောင်ခြင်းများကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အရှည်ကို မြော်တွေး၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသကို ချစ်မြတ်နိုးကြသူများအနေဖြင့် ဒေသအကျိုးအတွက် ဦးဆောင်ပေးကြရန်လိုကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် အသိပညာရှင် အတတ်ပညာရှင် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ *စာမျက်နှာ ၅ သို့*





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်သည် နိုင်ငံရေးအတွက် ပါဝင်ဆောင်ရွက်ခြင်း မဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင်သာ တာဝန်ထမ်းဆောင်သွားမည်

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

### တိုင်းပြည်သည်အခက်အခဲကြားမှ ကျော်ဖြတ်ခဲ့ရ

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် မကွေးတပ်နယ်သို့ မကြာခဏရောက်ရှိခဲ့ပြီး အရာရှိစစ်သည် မိသားစုများနှင့် တွေ့ဆုံအမှာစကားများ ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ တပ်မတော်နှင့် နိုင်ငံရေးအရ လက်တွဲမလုပ်ကိုင်လိုသည့် အတိုက်အခံပါတီများအနေဖြင့် ၎င်းတို့ပါတီအနိုင်ရရှိရေး မသမာမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးစအချိန်တွင် ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ်ဖြင့် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြည်တွင်း

◆ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ အချို့ပြင်ဆင်၍ရသည်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်းကို တပ်မတော်အနေဖြင့် သဘောတူညီပြီးဖြစ်၊ ဒီမိုကရေစီစနစ်ဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဆိုပါက တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်၊ တပ်မတော်၏ တာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးပင်ဖြစ်၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်၌ အနိုင်ရရှိသည့် ပါတီမှ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း ပါဝင်၍ နိုင်ငံ့အရေးဆောင်ရွက်ပေးခြင်း၊ တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်

စာမျက်နှာ ၆ သို့

စာမျက်နှာ ၄ မှ

ထို့ကြောင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့်ပညာတတ်များ ပေါ်များစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အသိပညာရှိမှသာ အတတ်ပညာများ ရရှိမည်ဖြစ်ကြောင်း၊ ဒေသတွင်း ပညာတတ်များပေါ်များ ကြွယ်ဝမှသာ ဒေသစီးပွားရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်များ လုံလောက်စွာရှိပြီးဖြစ်သဖြင့် ဒေသအတွက်လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး အလေးအနက်ထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးဒေသမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှတ်အများဆုံးရရှိသူ (The Whole Myanmar First) ကျောင်းသားတစ်ဦး ထူးထူးခြားခြား ပေါ်ထွန်းခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ အခြားလူငယ်များအနေဖြင့်လည်း ထိုသို့ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း မျှော်မှန်းသက်တမ်းများ တိုးတက်စေရေး ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုများရှိရန်လိုကြောင်း၊ နိုင်ငံတော်မှလည်း ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတွင်း နေထိုင်ကြသည့် ပြည်သူများ၏ မျှော်မှန်းသက်တမ်းများ ယခုထက် ပိုမိုတိုးတက်လာစေရေး တာဝန်ရှိသူများက ကုစားနိုင်မည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ ပြောကြားမှုများသည် မကွေးတိုင်းဒေသကြီး အဘက်ဘက်မှ တိုးတက်လာစေရေးအတွက် တိုက်တွန်းပြောကြားမှုများပင်ဖြစ်ကြောင်း၊ ဒေသအတွက်ဖြစ်နိုင်သည့် ကိစ္စရပ်များကိုသာ ဆွေးနွေးပြောကြားခြင်းဖြစ်ပြီး ဒေသတစ်ခု တိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သူများအနေဖြင့် ဒေသကို ချစ်ခင်မြတ်နိုးသည့်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်မှုများသည် အရေးကြီးသဖြင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံအတွင်းကုန်ထုတ်လုပ်မှုများ တိုးတက်ကောင်းမွန်မှသာ နိုင်ငံ၏ စီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်ခြင်းကြောင့် ပညာရေးကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ လူအများသည် စိမ်းလန်းစိုပြည်မှုများကို သဘောကျကြကြောင်း၊ ထို့ကြောင့် ရှိပြီးသားသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်နှင့် သစ်ပင်များ တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ စိတ်ခံစားမှုများ ကောင်းရန်အတွက် သဘာဝပတ်ဝန်းကျင်များကောင်းမွန်စေရေး သစ်ပင်သစ်တောများကို အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစိုက်ပျိုးဆောင်ရွက်သွားကြရန်နှင့် မကွေးတိုင်းဒေသကြီး ယခုထက် ပိုမို ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပြခန်းများ၌ ဒေသထွက်တိုင်းရင်းဆေးများ၊ အသုံးအဆောင်ပစ္စည်းများ၊ ချည်ထည်များနှင့် စားသောက်ကုန်ပစ္စည်းများ ပြသထားရှိမှုအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

### မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် အဖွဲ့ဝင်များနှင့်အတူ မကွေးမြို့ ကျက်သရေဆောင် မကွေးမြသလွန်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုပြီး မဟာအတုလရသီတန်ဆောင်းအတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်ပွားနှင့် စေတီတော်မြတ်ကြီး၏ ပုံတူစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ ဆက်လက်၍ စေတီတော်မြတ်ကြီးရင်ပြင်တော် တိုးချဲ့ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ကန်သာမင်္ဂလာကန်တော်သို့ရောက်ရှိကြပြီး ဘာဂီမော်တော်ယာဉ်များဖြင့် ကန်ပတ်လမ်းအတိုင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နောင်တက်လာမည့်အစိုးရသည် နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ထမ်းဆောင်နိုင်သည့် အစိုးရဖြစ်အောင် မိမိတို့အနေဖြင့် ကြိုတင်၍ ပြင်ဆင်ဆောင်ရွက်ပေးသွားရမည်

*စာမျက်နှာ ၅ မှ*

မငြိမ်သက်မှုများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်သည် အခက်အခဲကြားမှ ကျော်ဖြတ်ခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ရကြောင်း။

နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ချိန်တွင် အဓိကအကြီးမားဆုံးစိန်ခေါ်မှုမှာ ပြည်နယ်များမှ ခွဲထွက်နိုင်ရေးအတွက် ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရ သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်နေသကဲ့သို့ နိုင်ငံတကာတွင်လည်း ဆိုရှယ်လစ်စနစ်နှင့် ဒီမိုကရေစီစနစ်များ အားပြိုင်မှုများရှိနေကြောင်း၊ ထိုအချိန်တွင် အရှေ့တောင်အာရှ၌ ဆီးတိုးအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ကွန်မြူနစ်စနစ်နှင့် ဒီမိုကရေစီစနစ်များ အားပြိုင်မှုများရှိခဲ့သည်ကို သမိုင်းအထောက်အထားများအရ သိရှိနိုင်ကြောင်း။

**သဘောထားကွဲလွဲမှုများဖြစ်ပေါ်**

မိမိတို့နိုင်ငံ ဆိုရှယ်လစ်စနစ်ဖြင့် လျှောက်လှမ်းချိန်တွင် နိုင်ငံရေးအရ သဘောထား မတူညီကြသူများရှိခဲ့ပြီး ဆိုရှယ်လစ်စီးပွားရေး စနစ်ဖြစ်သဖြင့် ပုဂ္ဂလိကပိုင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ကန့်သတ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင်လည်း ညီညွတ်မှုများ ပျက်ပြားလာခဲ့ကြောင်း။

၁၉၈၈ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ဆောင်ရွက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့ပြီး လွှတ်တော်တစ်ခုတည်းကိုသာ ဆောင်ရွက်ခဲ့ပြီး အခြေခံဥပဒေကို ရေးဆွဲရန်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရန်အတွက် တိုင်းပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းခဲ့ကြောင်း၊ အလားတူ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရန်အတွက် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းစေခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒီမိုကရေစီပထမအစိုးရ သက်တမ်းတွင် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီ ဒုတိယအစိုးရ သက်တမ်းကာလတွင်




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို တပ်နယ်မှူး၏ဇနီးအား ပေးအပ်စဉ်။

ဒီမိုကရေစီအမည်ခံ လစ်ဘရယ်ဝါဒဖြင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုများဖြင့် နိုင်ငံတော်တာဝန်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားသား အကြံပေးများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်ကို မုန်းတီးစေသည့် ရေးသားပြောဆိုမှုများ လှုံ့ဆော်မှုများကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် အခြားကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် နိုင်ငံတော်မှာ အဘက်ဘက်က ဆုတ်ယုတ်ခဲ့ရကြောင်း၊ အဓိကအားဖြင့် တပ်မတော်၏နိုင်ငံရေး၌အချက်အချာကျမှုကို ပယ်ဖျက်ရန်အတွက် အတိတ်ဖြစ်ရပ်များပေါ်တွင် အခြေခံသည့် အမုန်းတရားဖြင့် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရအနေဖြင့် ၎င်းတို့၏ အာဏာဆက်လက်တည်တံ့စေရေး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်အောင် ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ မဲမသမာမှုများအား ဖြေရှင်းပေးရန်အတွက် တပ်မတော်မှ အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမှု မရှိဘဲ ရွေးကောက်ပွဲကျင်းပ၍ နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန်ကြိုးပမ်းခဲ့ကြကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီး ၎င်းမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုကြောင့်ဖြစ်ပွားခဲ့သည့် ပြဿနာများအား နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် မဲစာရင်းများမှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲစတင် ကျင်းပပြုလုပ်မည်ကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ အချို့ပြင်ဆင်၍ရသည်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်းကို တပ်မတော်အနေဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဆိုပါက တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တပ်မတော်၏ တာဝန်မှာ နိုင်ငံတော် ကာကွယ်ရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်၌ အနိုင်ရရှိသည့် ပါတီမှနိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း ပါဝင်၍ နိုင်ငံ့အရေးဆောင်ရွက်ပေးခြင်း၊ တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံရေးအတွက် ပါဝင်ဆောင်ရွက်ခြင်း မဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင်သာ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း။

တပ်မတော်သားများ အားလုံးသည် ပြည်သူများကြားမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း။

**ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်**

မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်အားနည်းခြင်းကြောင့် လူတစ်ဦးချင်း၏ တွေးခေါ်မြော်မြင်မှုများတွင် အားနည်းမှုများရှိကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့၏ သားသမီးများ စဉ်းစားတွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

တာဝန်ထမ်းဆောင်ရာတွင် အထက်အောက် အပြန်အလှန် လေးစားမှုများဖြင့် စစ်သားကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကျင်းပချိန်၌ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ချိန်တွင် နိုင်ငံတော်၏အကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသည့်သူများ ဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲများအား မပျက်မကွက်ပေး၍ နိုင်ငံသားကောင်းများ ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း မိမိတို့ နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်၌ လာရောက်လေ့လာဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နောင်တက်လာမည့်အစိုးရသည် နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ထမ်းဆောင်နိုင်သည့် အစိုးရဖြစ်အောင် မိမိတို့အနေဖြင့် ကြိုတင်၍ ပြင်ဆင်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော် ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လိုအပ်သည်များ ဖြည့်ဆည်း**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဇနီးသည်လည်း ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပမည့် အပိုင်းလိုက်နေ့ရက်များကို သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၅ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့် အပိုင်းလိုက်နေ့ရက်များကို သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (က)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၄ (ဂ) နှင့် နည်းဥပဒေ ၁၆ (က) တို့အရ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) ကို ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် ( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် ) တနင်္ဂနွေနေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၆)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးသိန်းကိုကို၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၃/၂၀၂၅ (မန္တလေး)နှင့် တရားမအထူးအယူခံမှုအမှတ် ၄/၂၀၂၅(ရန်ကုန်)၊ ၇၆/၂၀၂၄(မန္တလေး)၊ ၁၄/၂၀၂၅ (ရန်ကုန်)၊ ၁၅/၂၀၂၅(ရှမ်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၅ (ရန်ကုန်)၊ ၁၇/၂၀၂၅(မန္တလေး)၊ ၁၈/၂၀၂၅(ပဲခူး)၊ ၁၉/၂၀၂၅(မန္တလေး)၊ ၂၀/၂၀၂၅(မွန်)၊ ၂၂/၂၀၂၅(ရှမ်း) စုစုပေါင်းတရားမ အထူးအယူခံမှု (၆)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုးတိမ်တောင်ဖြစ်ပေါ်မှုကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၈

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား



နေပြည်တော် ဩဂုတ် ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၈ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း အခြေခံပညာကျောင်း ခုနစ်ကျောင်းအား ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့၍ စုစုပေါင်း ၇၅ ကျောင်းဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသားကျောင်းသူ ၅၇၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၈၉၇၃ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၂ ဦးကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန်လိုအပ်သည့် လူနာ ကိုးဦးကို ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၅၆ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခဲ့ကြောင်းနှင့် အတွင်းလူနာအဖြစ် ဒေသခံပြည်သူ ၃၀ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အထက်မြန်မာပြည် ဘူမိဗေဒမိသားစု (၂၅)ကြိမ်မြောက် ငွေရတု အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းဆွေးနွေး



**မန္တလေး ဩဂုတ် ၁၈**

အထက်မြန်မာပြည် ဘူမိဗေဒမိသားစု၏ (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် သုတေသနစင်တာ အစည်းအဝေးခန်းမတွင် ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာမေသွယ်အေးနှင့် ဘူမိဗေဒဌာနပါမောက္ခ၊ ဌာနမှူးများ၊ အငြိမ်းစားပါမောက္ခများ၊ ကျောင်းသား၊ကျောင်းသူဟောင်းများ၊ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာမေသွယ်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာသူများက ငွေရတုအာစရိယပူဇော်ပွဲကျင်းပရေး၊ အလှူငွေကောက်ခံရေး၊ ဘူမိဗေဒကျောက်ဥယျာဉ် ပြုပြင်ထိန်းသိမ်းရေး၊ ဘူမိဗေဒပြတိုက် ပြောင်းရွှေ့ရေး ကြိုတင်ပြင်ဆင်ထားမှုများကို ဆွေးနွေးညှိနှိုင်းကြသည်။ (ဝဲပုံ)

အထက်မြန်မာပြည် ဘူမိဗေဒမိသားစု (၂၅)ကြိမ်မြောက် ငွေရတု အာစရိယပူဇော်ပွဲကို မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနရှေ့ဥပစာတွင် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ကိုယ်စားလှယ်များထံ အလှူငွေထည့်ဝင်နိုင်ကြောင်း သိရသည်။ (ဝ၄၅)

## ရွာသစ်ကလေးကျေးရွာတွင် (VRFP) စီမံကိန်းရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်တွင် ရွာသစ်ကလေးကျေးရွာ၌ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကြီးတန်းစာရေး ဒေါ်မွန်မွန်အောင်က ရွာသစ်ကလေးကျေးရွာရှိ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်သား၊ အသင်းသူများကို တွေ့ဆုံ၍ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အကြီးတန်းစာရေး ဒေါ်မွန်မွန်အောင်က ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၀ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ် သည်။

ထို့နောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၀ ဒသမ ၀၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၀၅ သန်း၊ စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ၁၀၅ ဦးအား ဆဋ္ဌမအကြိမ်မြောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း ငွေကျပ် ၃၀ ဒသမ ၆ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကြီးတန်းစာရေးထံမှ သိရသည်။

(၄၄၅)

၀-၀-၀-၀-၀

# အများပြည်သူဆိုင်ရာနေရာများတွင် အီးစီးကရက်သောက်ခြင်းကို စင်ကာပူ၌ ပြင်းထန်စွာတားမြစ်

**စင်ကာပူ ဩဂုတ် ၁၈**

အများပြည်သူသယ်ယူပို့ဆောင်ရေး ကွန်ရက်အတွင်း အီးစီးကရက် သောက်ခြင်းကို ပြင်းထန်စွာ တားမြစ်လိုက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက အမြဲကင်းလှည့် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင် အဖွဲ့က ဩဂုတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။




အီးစီးကရက်သောက်သူများကို ဖမ်းဆီးရမိပါက ၎င်းတို့ကို အများပြည်သူဆိုင်ရာနေရာများမှ ဖယ်ရှားပြီး အာဏာပိုင်များထံ သတင်းပေးပို့သွားမည်ဖြစ်သည်။

အရက်မူးနေသူများတွေ့ရှိပါကလည်း ရဲတပ်ဖွဲ့သို့ ဖုန်းခေါ်ဆိုနိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကဖေ့ဘွတ်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

ဩဂုတ် ၁၈ ရက်တွင် တွေ့ရသော အခြားပို့စ်တစ်ခုတွင် သယ်ယူပို့ဆောင်ရေးအော်ပရေတာ SMRT က အီးစီးကရက်ပြစ်မှုများကို အာဏာပိုင်များထံ တိုင်ကြားရန် ပြည်သူများကို တိုက်တွန်းခဲ့သည်။

စင်ကာပူတွင် အီးစီးကရက်သောက်ခြင်းကို တရားမဝင်အဖြစ် သတ်မှတ်ထားပြီး ပြစ်မှုကျူးလွန်သူများသည် ဒဏ်ငွေ စင်ကာပူဒေါ်လာ ၂၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၅၉ ခန့်)အထိ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# အမေရိကန်အခြေစိုက် ပိုးစုန်းကြူးလေကြောင်းအာကာသကုမ္ပဏီ ဂျပန်နိုင်ငံမှနေ၍ အယ်လ်ဖာဒုံးပျံကို ပစ်လွှတ်ရာဖွေစူးစမ်းလျက်ရှိ



**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်အခြေစိုက်ဒုံးပျံထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုဖြစ်သည့် ပိုးစုန်းကြူးလေကြောင်း အာကာသကုမ္ပဏီသည် ဂြိုဟ်တုပစ်လွှတ်သည့်ဝန်ဆောင်မှုများကို ကမ္ဘာအနှံ့တိုးချဲ့နေသည်နှင့်အမျှ ဂျပန်နိုင်ငံမှနေ၍ ၎င်း၏အယ်လ်ဖာဒုံးပျံကို ပစ်လွှတ်ရန်ရွေးချယ်မှုကို ရှာဖွေစူးစမ်းလျက်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါစီမံကိန်းသည် ယခုလအစောပိုင်းတွင် နတ်စ်ဒတ်၌ စတင်ရောင်းဝယ်ပြီး ဆွီဒင်နိုင်ငံတွင် အယ်လ်ဖာဒုံးပျံပစ်လွှတ်ရန်ပြင်ဆင်နေသည့် အီလွန်မတ်စ်ပိုင် စပေ့စ်အိတ်ခ်စ်၏ ပြိုင်ဘက်ဖြစ်သည့် တက္ကဆက်အခြေစိုက် ပိုးစုန်းကြူးကုမ္ပဏီအတွက် ဒုတိယမြောက်ကမ်းလွန်ပစ်လွှတ်သည့်နေရာနှင့် အာရှတွင် ပထမဆုံးပစ်လွှတ်သည့် အစီအစဉ်ဖြစ်လာနိုင်ဖွယ်ရှိသည်။

တိုကျိုမြို့၏ အရှေ့မြောက်ဘက် မိုင် ၈၂၀ (ကီလိုမီတာ ၅၁၀)ခန့်အကွာတွင် တည်ရှိသော ဟော့ကိုင်းဒိုး အာကာသယာဉ်ရပ်နားစခန်းကို လုပ်ကိုင်သည့် အာကာသကိုတန်ကုမ္ပဏီက ၎င်းနှင့် ပိုးစုန်းကြူးကုမ္ပဏီတို့သည် အဆိုပါနေရာမှ အယ်လ်ဖာ ဒုံးပျံပစ်လွှတ်ရန် ဖြစ်နိုင်ခြေကို လေ့လာရန်အတွက် ကနဦးသဘောတူညီလက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျပန်နိုင်ငံမှ ယင်းဒုံးပျံကို ပစ်လွှတ်ခြင်းသည် အာရှရှိ ပိုကြီးမားသည့် ဂြိုဟ်တုလုပ်ငန်းကို ကျွန်ုပ်တို့ဝန်ဆောင်မှုပေးနိုင်စေမည်ဖြစ်သည်။ စမ်းသပ်ပြီးဖြစ်သည့် အာကာသပစ်လွှတ်ရေးယာဉ်ကို အသုံးပြု၍ အမေရိကန်မဟာမိတ်များအတွက် ခံနိုင်ရည်ရှိမှုကိုလည်း ပေါင်းထည့်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **Mon**

# အမေရိကန်ကုန်သွယ်ရေးဆွေးနွေးသူများ ဒေလီခရီးစဉ်ဖျက်သိမ်း အပိုခွန်များ ကင်းလွတ်ခွင့်ရရှိရန် မျှော်လင့်ချက်များ ပျောက်ဆုံးသွားပြီ

**ဒေလီ ဩဂုတ် ၁၈**

အမေရိကန်ကုန်သွယ်ရေး ဆွေးနွေးသူများ၏ ဩဂုတ် ၂၅ မှ ၂၉ အထိ အိန္ဒိယနိုင်ငံ ဒေလီမြို့တော်သို့ လာရောက်ရန် စီစဉ်ထားသော ခရီးစဉ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ပြီး အဆိုပြုထားသည့် ကုန်သွယ်ရေးသဘောတူညီချက် ဆွေးနွေးမှုများကို နှောင့်နှေးစေကာ ဩဂုတ် ၂၇ ရက်မှစ၍ အိန္ဒိယကုန်ပစ္စည်းများအပေါ် အမေရိကန်ဘက်မှ အပိုခွန်များ ကင်းလွတ်ခွင့်ရရှိရန် မျှော်လင့်ချက်များ ပျောက်ဆုံးသွားပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပြုထားသော နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်အတွက် လက်ရှိဆွေးနွေးပွဲများကို ဆုံးဖြတ်ရသေးသည့် အခြားရက်တစ်ခုသို့ ရွှေ့ဆိုင်းဖွယ်ရှိသည်ဟု ကိစ္စရပ်နှင့်ပတ်သက်၍ တိုက်ရိုက်သိရှိသူတစ်ဦးက ပြောသည်။

ဒေလီမြို့တော်ရှိ အမေရိကန်သံရုံးက အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ကိုင်တွယ်ဆောင်ရွက်နေသည့် ကုန်သွယ်ရေးနှင့် အခွန်ကိစ္စများဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပတ်သက်၍ အပိုဆောင်းအချက်အလက်များ မရှိဟု ဆိုကြောင်း သိရသည်။

**Mon**

# အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့ပိုင်း၌ ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင် လှုပ်ခတ်

**အယ်လ်ဂျီးယား ဩဂုတ် ၁၈**

အယ်လ်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်း တက်ဘက်ဆာပြည်နယ်၌ ဩဂုတ် ၁၇ ရက် ဒေသစံတော်ချိန် ၂၀ နာရီ ၁၁ မိနစ်တွင် ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း နက္ခတ္တဗေဒ၊ ရူပနက္ခတ္တဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ သုတေသနစင်တာ(စီအာအေအေဂျီ) က ထုတ်ပြန်ထားသည်။

ငလျင်ဗဟိုချက်မှာ တက်ဘက်ဆာပြည်နယ် နီဂရင်းမြို့၏ အရှေ့တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။

ယင်းငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ဒေသစံတော်ချိန် ၂၀ နာရီ ၂၂ မိနစ်တွင် ပြင်းအား ၄ ဒသမ ၇ အဆင့်ရှိ ဒုတိယအကြိမ်ငလျင်တစ်ကြိမ်ထပ်မံလှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်ဗဟိုချက်မှာ နီဂရင်းမြို့၏ အရှေ့တောင်ဘက် ၂၆ ကီလိုမီတာခန့်အကွာတွင် တည်ရှိကြောင်း စီအာအေအေဂျီက ထုတ်ပြန်ထားသည်။

ခန်ချီလာ၊ ဆုခ်အာရတ်စ်နှင့် အယ်လ်အိုရွတ်မြို့တို့အပါအဝင် အနီးဝန်းကျင်ရှိဒေသအများအပြားတွင် ငလျင်လှုပ်ခတ်မှုကို သိသိသာသာခံစားရကြောင်း သိရသည်။ ငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုနှင့် အသေအပျောက်စာရင်းကို ယခုအချိန်အထိ မသိရှိသေးပေ။ **ဆင်ဟွာ**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မြေပြင်ဝန်ထမ်း ၁၇၀၀ ခန့်ကို တရားမဝင် ထုတ်ပယ်ခဲ့သဖြင့် ကွန်တပ်စ်လေကြောင်းလိုင်း ဒဏ်ငွေ ဒေါ်လာသန်း ၉၀ ချမှတ်ခံရ

**ကင်ဘာရာ ဩဂုတ် ၁၈**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မြေပြင်ဝန်ထမ်း ၁၇၀၀ ခန့်ကို တရားမဝင် ထုတ်ပယ်ခဲ့သဖြင့် သြစတြေးလျတရားရုံးတစ်ခုက လေကြောင်းလိုင်းကြီးဖြစ်သည့် ကွန်တပ်စ်အပေါ် ယမန်နေ့က ဒဏ်ငွေ သြစတြေးလျဒေါ်လာသန်း ၉၀ ချမှတ်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းစီရင်ချက်သည် သြစတြေးလျနိုင်ငံ၏ သမိုင်းတစ်လျှောက် အလုပ်ရှင်အား ဒဏ်ငွေအများဆုံးချမှတ်ခဲ့ခြင်းဖြစ်သဖြင့် သယ်ယူပို့ဆောင်ရေးလုပ်သားသမဂ္ဂက ကြိုဆိုခဲ့သည်။

အခြားအလုပ်ရှင်များအတွက် "အမှန်တကယ် တားဆီးဟန့်တားမှု"တစ်ခုဖြစ်စေရန် ဒဏ်ငွေချမှတ်လိုကြောင်း ပြည်ထောင်စုတရားရုံး တရားသူကြီး မိုက်ကယ်လီက စီရင်ချက်တွင် ပြောကြားခဲ့သည်။

သြစတြေးလျ၏ အကြီးဆုံးလေကြောင်းလိုင်းသည် ၂၀၂၀ ပြည့်နှစ်တွင် ၎င်း၏ မြေပြင်လုပ်ငန်းလည်ပတ်ရေးဝန်ထမ်းများကို ပြင်ပသို့ အပ်နှံရန် ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာကြာမြင့်သော ဥပဒေရေးရာဖြစ်ပွားမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းဆုံးဖြတ်ချက်သည် ကပ်ရောဂါကာလအတွင်း လေကြောင်းလုပ်ငန်းရပ်တန့်သွားချိန်၌ လိုအပ်သော ငွေကြေးဆိုင်ရာ အစီအမံတစ်ခုဖြစ်သည်ဟု ကွန်တပ်စ်က အတည်ပြုကြောင်း သိရသည်။

**Mon**



## ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသရှိ ခရိုင်တစ်ခုတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်ပွား၊ လူ ၂၀၀ ကျော် ပျောက်ဆုံး

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၈**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းဒေသရှိ ခရိုင်တစ်ခုတွင် မုတ်သုံရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် လူ ၂၀၀ ကျော် ပျောက်ဆုံးနေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သောရက်အနည်းငယ်က ပါကစ္စတန်နှင့် ပါကစ္စတန်အုပ်ချုပ်မှုအောက်ရှိ ကက်ရှ်မီးယားတွင် ရတ်တရက်ရေကြီးရေလျှံမှုကြောင့် လူ ၃၀၀ ကျော် သေဆုံးခဲ့ပြီး သေဆုံးမှုအများစုမှာ တောင်ထူထပ်သော ခိုင်ဘာ့ဖတ်ခ်သွန်ခ်ဝါပြည်နယ်တွင် ဖြစ်ပွားခဲ့သည်။

အဆိုးရွားဆုံးထိခိုက်ခဲ့သော ဘူနာခရိုင်ရှိ ဒေသခံအရာရှိတစ်ဦးက အနည်းဆုံး လူ ၂၀၉ ဦး ဆက်လက်ပျောက်ဆုံးနေသေးကြောင်း သတင်းဌာနတစ်ခုသို့ ပြောကြားခဲ့သော်လည်း ယင်းအရေအတွက်သည် တိုးလာနိုင်သည်ဟု ဆိုသည်။



ဘူနာခရိုင် ဒုတိယကော်မရှင်နာရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဂျယ်ဟန်ဂီခန်းက မိသားစုဝင်များထဲမှ အသက်ရှင်ကျန်ရစ်သူမရှိ၍ အလောင်းများကို လာရောက်ယူဆောင်နိုင်ခြင်းမရှိသောကြောင့် အမည်မသိရသေးသည့် အလောင်း ရှစ်လောင်းကို ကယ်ဆယ်ရေးအဖွဲ့များက မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

**Mon**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များအခမဲ့ဖြန့်ဝေ

**ကံမ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် (ကြွပ်ကြွပ်အိတ်)အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ကြသည်။

**(အောက်ဝဲပုံ)**



အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဇော်ထက်(သရက်)**



## မိုးရွာသွန်းထားမှုကြောင့် စိန်ပန်းပင်လဲကျ၍ ရှင်းလင်းဖယ်ရှား

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၈၄ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ယာဒ်ဝင်းအတွင်းတွင် ဩဂုတ် ၁၇ ရက် ည ၇ နာရီ ၃၅ မိနစ်ခန့်က မိုးရွာသွန်းထားမှုကြောင့် နေအိမ်ဘေးတွင် သက်တမ်းရင့်စိန်ပန်းပင်အမြစ်မှ လဲကျ၍ နေအိမ်အပေါ် ပိမိနေကြောင်း တယ်လီဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံသဖြင့် မဟာအောင်မြေမြို့နယ် မဏိစလလူမှုကူညီရေးအသင်းမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် Rescue ယာဉ်ဖြင့်သွားရောက်၍ ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၅)**

# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးနှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ တော်ဝင်ဆိပ်ကမ်းတံတား၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့အကျော် ရေဝန်းကျေးရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ် ၁၂ စီး ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၈ မျိုး၊ လူသုံးကုန်ပစ္စည်းအမျိုး ၂၀၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Nidi Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Shacman Tractor Head နှစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Man Tractor Head တစ်စီး၊ Sany Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်ရှစ်တွဲကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများကို ဖမ်းဆီးအရေးယူ

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဩဂုတ် ၁၆ ရက်က လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများကို ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်နေ မင်းသိန်းရွှေ (၅၄) နှစ်အား လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပေါင်မြို့ နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် ဇင်းကျိုက်မြို့၊ ဖလပ်ရပ်ကွက်နေ စည်သူ (၂၈)နှစ်နှင့် သထုံမြို့နယ်၊ ကြာပန်းရွာနေ မောင်ခေဦး (၁၉) နှစ်တို့အားလည်းကောင်း၊ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် သထုံမြို့နယ်၊ ဒုံဝန်းကျေးရွာနေ ခွန်အောင်ခန့်ဦး (၂၄)နှစ်၊ သိမ်ကုန်းရပ်ကွက်နေ ဇော်ထိုက်(၃၇)နှစ်၊ ဇရစ်ချောင်ကျေးရွာနေ လမင်းရာဇာ(ခ) လမင်း(၂၃)နှစ်နှင့် ဒူးရင်းဆိပ်ကျေးရွာနေ မောင်မောင်ထွေး (၂၀)နှစ်တို့အားလည်းကောင်း၊ ညနေ ၅ နာရီ ၁၀မိနစ်တွင် သံဖြူဇရပ်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ သံဖြူဇရပ်မြို့၊ အောင်ဇေယျရပ်ကွက်နေ စိုးသက်မော်ဦး(၂၈)နှစ်အားလည်းကောင်း၊ ည ၇ နာရီ မိနစ် ၂၀ တွင် မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်နေ ဦးမြယုံ (၆၀)နှစ်အားလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် မင်းသိန်းရွှေ ပါ ကိုးဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ပို့ကုန် သွင်းကုန်ဥပဒေပုဒ်မ (၈)ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ သစ်ပင်အား ဝင်ရောက်တိုက်မိ၍ အမျိုးသမီး တစ်ဦး သေဆုံးပြီး အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၌ ဩဂုတ် ၁၅ ရက်က မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ သစ်ပင်အား ဝင်ရောက်တိုက်မိ၍ အမျိုးသမီး တစ်ဦး သေဆုံးပြီး အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် ည ၁၂ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာ၊ ပြင်ဦးလွင်-မန္တလေးအဆင်းလမ်း မိုင်တိုင်အမှတ် ၂၅ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပြင်စာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့ဘက်သို့ ချမ်းမြသာစည်မြို့နယ်နေသူများဖြစ်ကြသည့် မောင်--(၂၉)နှစ် မောင်းနှင်ပြီး မိခင်ဖြစ်သူ ဒေါ်---(၆၃)နှစ်နှင့် မောင်---(၂၂) နှစ်တို့ လိုက်ပါလာသည့် MDY-18 9I/--- HYUNDAI SALOON အဖြူရောင် မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ သစ်ပင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်-----တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး မောင်---နှင့် မောင်---တို့ နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် မောင်--အား ပြင်စာနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဩဂုတ် ၁၈

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။**

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၆)မှ သင်တန်းသားများအားတွေ့ဆုံကာသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



ရပ်စောက်မြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-





**သင်တန်းသား (၁)**

ကျွန်တော်က တပ်မတော်ကို ချစ်ပါတယ်။ ကျွန်တော်က တပ်မတော်မှာပဲ နေချင်တာပါ။ ကျွန်တော်အပြင်မှာ နေလို့ရှိရင် အိမ်တောင်မကပ်ဘူး။ အပြင်မှာ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ စည်းကမ်းတော်တော်မဲ့ပါတယ်။ တပ်မတော်ထဲကို ဝင်လာတဲ့အတွက် ကျွန်တော့်ကို ဒီကဆရာတွေက စည်းကမ်းတကျထားတယ်။ အချိန်နဲ့ ထမင်းစားတယ်။ အိမ်မှာဆို အချိန်နဲ့ ထမင်းမစားဘူး။ ဒီရောက်တော့ အချိန်နဲ့ ထမင်းစားတယ်။ အချိန်နဲ့ သွားလာရတယ်။ အဲဒီအတွက် ကျွန်တော့်ကိုကျွန်တော် ပြောင်းလဲသွားမယ်လို့ ယုံကြည်ပါတယ်။ နှစ်နှစ်ကာလက ပြီးဆုံးသွားပေမယ့်လည်း အထက်ကပေးအပ်တဲ့ အမိန့်အတိုင်း ဆက်လက်တာဝန်ထမ်းဆောင်သွားမှာပါ။ ကျွန်တော့်ကို ကျွန်တော်လည်း ဂုဏ်ယူတယ်။ ကျွန်တော့်အမေလည်း ဂုဏ်ယူနေမှာပါ။

**သင်တန်းသား (၂)**

သင်တန်း လာတက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ဖို့ လာတက်ရောက်တာဖြစ်ပါတယ်။ အရပ်သားဘဝနဲ့ နည်းနည်းတော့ ပြောင်းလဲကွာဟမှုတော့ရှိတယ်။ အရပ်သားဘဝမှာက အကျီဝတ်တာကအစ၊ စားတာသောက်တာကအစ နည်းနည်းလေး စည်းမရှိတာလည်း ပါခဲ့တာပေါ့။ လက်ရှိစစ်မှုထမ်းဆောင်စဉ်ကာလ စစ်တပ်ထဲရောက်တော့ ကျွန်တော်တို့ရဲ့ ပုံစံတွေက အားလုံးစည်းကမ်းတကျ ဖြစ်သွားတယ်ပေါ့။ သင်တန်းဆင်းပြီးတဲ့ အခါကြတော့လည်း မိခင်တပ်ရင်းကို ရောက်လို့ရှိရင် အထက်ကပေးအပ်တဲ့ တာဝန်တွေကို ဆက်လက်ပြီး လုပ်ဆောင်သွားပါမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ **သတင်းစဉ်**



ဟိုပုံးမြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် တာဝန်ရှိသူများနှင့်အတူ သင်တန်းသားများအား တွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ဂရေဟမ်ပေါ်တာကို ရာထူးမှထုတ်ပယ်ပေးရန် ဝက်စ်ဟမ်းအသင်းထံ ပရိသတ်များတောင်းဆို

**လန်ဒန် ဩဂုတ် ၁၈**

ဝက်စ်ဟမ်းအသင်းပရိသတ်များသည် နည်းပြ ဂရေဟမ်ပေါ်တာကို ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများ ပြုလုပ်လာခဲ့ကြသည်။



၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ရာသီအဖွင့် ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက ဆန်းဒါးလန်းအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းပရိသတ်များက နည်းပြ ဂရေဟမ်ပေါ်တာကို ရာထူးမှ ထုတ်ပယ်ပေးရန် တောင်းဆိုလာကြခြင်းဖြစ်သည်။

နည်းပြ ဂရေဟမ်ပေါ်တာသည် ဝက်စ်ဟမ်းအသင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ပွဲ ၂၀ ကိုင်တွယ်ရာ ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်ဆိုး ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် အသင်းပရိသတ်များတောင်းဆိုထားသည့်အတိုင်း နည်းပြ ဂရေဟမ်ပေါ်တာကို ရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)(NGB)

## မာလာစီယာအား ခေါ်ယူရန် ရိုးမားအသင်းစီစဉ်



**တူရင် ဩဂုတ် ၁၈**

ရိုးမားအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း နောက်ခံကစားသမား မာလာစီယာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

မန်ချက်စတာယူနိုက်တက်အသင်းကလည်း မာလာစီယာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။ (ဝဲပုံ)

ထို့ကြောင့် ရိုးမားအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းထံမှ မာလာစီယာကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။(NGB)

## နော်ဒီမူခေလေကို ယူရို ၁၂ သန်းဖြင့် ဆန်းဒါးလန်းအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၈**

ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ ဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ဆက်တိုက်ခေါ်ယူအားဖြည့်နေသည့် ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်းသည် ပီအက်စ်ဂျီအသင်း နောက်ခံကစားသမား နော်ဒီမူခေလေကို ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် ခေါ်ယူခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပီအက်စ်ဂျီအသင်းအပြင် မောင့်ပယ်လီယာ၊ လိုက်ပဇစ်၊ လေဗာကူဆင်စသည့်ကလပ်အသင်းများတွင်လည်း ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



ဆန်းဒါးလန်းအသင်းထုတ်ပြန်ချက်တွင် 'နော်ဒီမူခေလေကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နောက်ထပ် ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ'ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)(NGB)

## ရိုမဲရိုးကို စာချုပ်သက်တမ်းတိုးရန် စပါးအသင်း စီစဉ်

**လန်ဒန် ဩဂုတ် ၁၈**

စပါးအသင်းသည် အသင်းနောက်ခံကစားသမား ရိုမဲရိုးကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။


အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၅ ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည့်အပြင် လက်ရှိအချိန် ၄င်းကို ခေါ်ယူလိုသည့် ကလပ်အသင်းများစွာရှိနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန်စီစဉ်လာခြင်း ဖြစ်သည်။

စပါးအသင်းထုတ်ပြန်ချက်တွင် 'ရိုမဲရိုးကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ' ဟု ထုတ်ပြန်သည်။

(အောက်ပုံ)(NGB)



## ဘရန့်ဖို့ဒ်အသင်းတွင် ဒန်ဂိုဝတ်တာရာ ကျောနံပါတ် (၁၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်



**လန်ဒန် ဩဂုတ် ၁၈**

တောင်ပံကစားသမားသစ် ဒန်ဂိုဝတ်တာရာသည် ဘရန့်ဖို့ဒ်အသင်းတွင် ကျောနံပါတ် (၁၉) ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းမှ ဘရန့်ဖို့ဒ်အသင်းသို့ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၂ ဒသမ ၅သန်းဖြင့် ငါးနှစ် စာချုပ် ချုပ်ဆိုကာပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တောင်ပံကစားသမား ဒန်ဂိုဝတ်တာရာသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၈ ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

(အပေါ်ဝဲပုံ)(NGB)

## ဂျာကော့ရမ်ဆေးကို နယူးကာဆယ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၈**

နယူးကာဆယ်အသင်းသည် အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဂျာကော့ရမ်ဆေးကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၄ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ် တစ်ရပ်ချုပ်ဆိုခဲ့ပြီး ကျောနံပါတ်(၄၁) ဂျာစီ ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

ဂျာကော့ရမ်ဆေးသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၇ ပွဲကစားပြီး ၁၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျာကော့ရမ်ဆေးအနေဖြင့် နယူးကာဆယ်အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်သွားရမည် ဖြစ်သည်။

(ဝဲပုံ)(NGB)

## 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Iga Swiatek တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် Elena Rybakina ကို ၇-၅၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် အီတလီတင်းနစ်မယ် Jasmine Paolini တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ)(NGB)

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(စတုတ္ထအဆင့်-ပထမအကျော့)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၀-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁:၃၀ နာရီ | ဗတက်ဗ်ဒါ (ဆားဘီးယား) - ပါဖိုစ် (ဆိုက်ပရပ်စ်) |
| " | " | ဖီရန်ဘားရို့စ် (ဟန်ဂေရီ) - ကာရာဘတ် (အဇာဘိုင်ဂျန်) |
| " | " | ရိန်းဂျားစ် (စကော့တလန်) - ဘရူဂျက် (ဘယ်လ်ဂျီယံ) |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁:၃၀ နာရီ | ရီးရဲလ်မက်ဒရစ် (W,W,W,L,W) - ဆိုဆာဆူနာ (L,L,L,W,D) | ရီးရဲလ်မက်ဒရစ် ၄-၀ ဆိုဆာဆူနာ<br>ဆိုဆာဆူနာ ၁-၁ ရီးရဲလ်မက်ဒရစ် |

### အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ(တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပြိုင်ပွဲအမျိုးအစား |
|---|---|---|---|
| ၁၉-၈-၂၀၂၅ အင်္ဂါနေ့ | ညနေ ၄:၀၀ နာရီ | ဗီယက်နမ် - ထိုင်း | တတိယနေရာလုပွဲ |
| | ည ၇:၀၀ နာရီ | ဩစတြေးလျ(ယူ-၂၃) - မြန်မာ | ဗိုလ်လုပွဲ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရမည်းသင်းခရိုင်အတွင်းရှိ တောင်သူများအား မျိုးစေ့ချကိရိယာ(Drum Seeder)များ ထောက်ပံ့ပေးအပ်၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် အသိပညာပေး လက်တွေ့စမ်းသပ်မဲပေးခြင်းအား ကြည့်ရှု၊ စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး






**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ဆည်ကြီးကျေးရွာအုပ်စု၊ ဆည်ကြီးကျေးရွာ ကွင်းအမှတ်(၁၁၆၂)တွင် ကျင်းပသည့် ဆက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)ပေးအပ်ပွဲနှင့် မိုးစပါးစိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် စပါးအပါအဝင် အဓိကသီးနှံများ အထွက်နှုန်းရရှိရေးအတွက် စက်မှုလယ်ယာသို့ ပြောင်းလဲလုပ်ဆောင်နေပါကြောင်း၊ ယနေ့ တောင်သူများထံ လက်ဝယ် ထောက်ပံ့ပေးအပ်သည့် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder) များသည် ပန်းတိုင်အထွက်နှုန်း ရရှိရေး ကဏ္ဍတစ်ရပ်တွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုခြင်းဖြင့် စက်မှုလယ်ယာကူးပြောင်း လုပ်ဆောင်နေမှုတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငှင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ရမည်းသင်းခရိုင်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာ အချက်အလက်များနှင့် တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးတို့က လယ်ယာမြေဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက တောင်သူများထံ လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) အလက် (၁၀၀) လက်နှင့် သွင်းအားစုများကို ပေးအပ်ပြီး မိုးစပါးအောင်နိုင်တိုးမျိုးကို လက်ဆွဲမျိုးစေ့ချကိရိယာ အသုံးပြု၍ စိုက်ပျိုးခြင်း တောင်သူများအား ကွင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (ရမည်းသင်း)တွင် ကျင်းပသည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ် မဲပေးသရုပ်ပြသခြင်း အခမ်းအနားသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ကို အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲပေးစက်များ အသုံးပြု၍ ဆန္ဒမဲပေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်စေရန်အတွက် ယခုကဲ့သို့ အသိပညာပေး လုပ်ငန်းအား ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငှင်းနောက် ရမည်းသင်း ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇော်မင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အကြောင်း အသိပညာပေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ပြသနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ အမှတ်(၈) အထည်စက်ရုံ(ရမည်းသင်း)သို့ ရောက်ရှိပြီး စွပ်ကျယ်များ ချုပ်လုပ်နေမှု၊ စောင်များ၊ လုံချည်များ ရက်လုပ်နေမှု၊ ခြင်ထောင်များ ချုပ်လုပ်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငှင်းနောက် စိုက်ပျိုးရေး သွင်းအားစု ထုတ်လုပ်နေသည့် ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ပြည်သာယာရပ်ကွက်ရှိ Glorious Morning Star ကွန်ပေါင်းဓာတ်မြေသြဇာနှင့် ရွက်ဖျန်းအာဟာရရည်၊ ရွက်ဖျန်းအမှုန့် ထုတ်လုပ်သည့် စက်ရုံသို့ ရောက်ရှိပြီး စက်ရုံတာဝန်ခံက ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်နေမှုများနှင့် ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းလည်ပတ် နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ်၊ ဆားတောင်အုပ်စု၊ ဆားတောင်ကျေးရွာသို့ရောက်ရှိပြီး ကွင်းအမှတ်(၃၈၈/က)ရှိ တောင်သူ ဦးအုန်းမောင်၏ စိုက်ဧက (၃)ဧကတွင် မနောသုခစပါးမျိုးကို လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)ကို အသုံးပြု၍ တောင်သူများအား လက်တွေ့သရုပ်ပြသလုပ်ဆောင်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀







## မဂ်လာမှူဆယ်လမ်းဘေးတစ်လျှောက် ရေနုတ်မြောင်းဆယ်ယူခြင်းဆောင်ရွက်

**မူဆယ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီတွင် မူဆယ်မြို့၊ကောင်းမူးတုံရပ်ကွက်ရှိ မင်္ဂလာမူဆယ် လမ်းဘေးဝဲ၊ ယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး၊ မိုးရာသီတွင် ရေလျှံမှုမရှိစေရေး၊ ရေမြောင်းများမှ အနံ့ဆိုးများနှင့် အညစ်အကြေးများ မရှိစေရေးအတွက် ရေနုတ်မြောင်းအတွင်းမှ အမှိုက်များ ဆယ်ယူခြင်း၊ နုန်းမြေများ ဆယ်ယူခြင်း၊ ရေမြောင်းများအတွင်းရှိ ရွှံ့ပုပ်အညစ်အကြေးများကို မီးသတ်ကားဖြင့် ဆေးကြောခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အဆိုပါ လုပ်ငန်းအား မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန သန့်ရှင်းရေးဌာနစိတ်၊ ဈေးနှင့်သားသတ်ဌာနစိတ်၊ ပျိုးဥယျာဉ်ဌာနစိတ်တို့မှ ဝန်ထမ်းအင်အား ၅၀ ဦးဖြင့် ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(၀၄၀)**

သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်းရှိ တောင်သူများအား မျိုးစေ့ချကိရိယာ (Drum Seeder)များ ထောက်ပံ့ပေးအပ်၊ MSME လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှု





**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ တောမကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာရှိ ကွင်းအမှတ်(၈၅၅)တွင် ကျင်းပသည့် အမိကသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တွေ့ဆုံပွဲနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder) ပေးအပ်ပွဲနှင့် မိုးစပါးစိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲသို့ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လယ်ယာကဏ္ဍတွင် လုပ်သားရှားပါးမှုအခက်အခဲကို ကျော်လွှားနိုင်ရန်နှင့် အမိကစိုက်ပျိုးရေးသီးနှံများ သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်ရရှိရေးအတွက် မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်နေသည့်စနစ်မှ စက်မှုလယ်ယာစနစ်သို့ ပိုမိုတိုးမြှင့်ကူးပြောင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ စပါးသီးနှံစိုက်ပျိုးရာတွင် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးခြင်းလုပ်ဆောင်မှု၌ ထောက်ပံ့မှုများစွာပေးသည့် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)များကို ယုံကြည်မှုအပြည့်ဖြင့် အသုံးပြုသွားရန်နှင့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း(၄)သွယ်အား ဟန်ချက်ညီစွာ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မိတ္ထီလာခရိုင်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာအချက်အလက်များကို ရှင်းလင်း



တင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏ သိရှိလိုသည့် တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက တောင်သူများထံ လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)များ၊ ဓာတ်မြေဩဇာများနှင့် မျိုးစေ့များကိုပေးအပ်ပြီး မိုးစပါး အောင်နိုင်တိုးမျိုးကို လက်ဆွဲမျိုးစေ့ချကိရိယာအသုံးပြု၍ စိုက်ပျိုးခြင်း တောင်သူများအား ကွင်းသရုပ်ပြသနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် အဆိုပါကျေးရွာရှိ ရွှေဖြိုးဆန်စက်လုပ်ငန်းသို့သွားရောက်ကြည့်ရှုရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆန်စက်လုပ်ငန်းရှင် ဦးအောင်ဖြိုးမင်းနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Reva ကုမ္ပဏီမှ ဆောင်ရွက်နေသည့် မိတ္ထီလာခရိုင်ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုများကို သတ်မှတ်ကာလအတွင်း အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီပြည့်မီစွာဖြင့် ပြီးစီးရေး၊ အားကစားကွင်းအင်္ဂါရပ်နှင့် အညီဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန် မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မိတ္ထီလာတောင်ကန် ကန်ပေါင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းသို့ရောက်ရှိပြီး တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က ရေစိမ့်နှုန်း တိုင်းတာသည့် အဆောက်အအုံ၊ ကျောက်ကြီးအခြောက်စီခြင်း၊ ဆင်ခြေလျှော မြက်စိုက်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မည့် ကံသာယာကျေးရွာအုပ်စု ရန်ကုန်-မန္တလေးလမ်းမှ စီးပွားရေးတက္ကသိုလ်အဝင်လမ်းအထိ လမ်းတိုးချဲ့ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် မိတ္ထီလာမြို့နယ် မြင်တော်ကန်တိုးချဲ့ရပ်ကွက်ရှိ Real Balance Co.,Ltd ၏ အသားပြုပြင်ထုတ်လုပ်ခြင်းနှင့် အသားခြောက်လုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းရှင်က လုပ်ငန်းလည်ပတ်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းအတွင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

---

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၂၈၅ ဖြင့် ဈေးငြိမ်နေ

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းသည် ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၂၈၅ ဖြစ်ကြောင်း စားသုံးသူရေးရာ ဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဩဂုတ် ၁၁ ရက်မှ ၁၇ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၂၈၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ ရည်ညွှန်းဈေးသည်ငွေကျပ် ၆၂၈၅ ဖြစ်သဖြင့် ဆက်လက်ဈေးငြိမ်နေခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးအတွက် ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ **(မန္တလေးနေ့စဉ်-၅)**

## မိုးစပါးစိုက်ပျိုးနေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**အောင်လံ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်တွင် သက်တန့်ရောင်သမဝါယမ ဖွံ့ဖြိုးရေးစီမံကိန်း လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဖေယျာကျေးရွာရှိ ရွာထောင်မျိုးစေ့ထုတ် သမဝါယမအသင်းမှ ယမန်နေ့က အသင်းသားတောင်သူများ၏ အောင်နိုင်တိုးစပါး စိုက်ပျိုးနေမှုအား မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများက တောင်သူများအား တစ်ဧကအထွက်နှုန်းတိုးစေရန် စပါးစိုက်ခင်းများတွင် မြေဩဇာများ အချိုးကျ၊ အချိန်ကိုက် ထည့်သွင်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး စသည်တို့ကို ဂရုစိုက်ဆောင်ရွက်ရန် ပြောကြားသည်။

အောင်လံမြို့နယ်တွင် သမဝါယမအသင်း နှစ်သင်းမှ အသင်းသားတောင်သူ ၁၁၂ ဦးအား သက်တန့်ရောင်သမဝါယမ ဖွံ့ဖြိုးရေးစီမံကိန်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ဧက ၃၃၂ ဧက စိုက်ပျိုးထားရှိပြီး တစ်ဧကအထွက်နှုန်းများတိုးစေရန် ငွေကျပ်သန်း ၁၀၁ ဒသမ ၀၉၄ နှင့် ညီမျှသော သွင်းအားစုများကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဇူလိုင်လတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# မန္တလေးနဲ့ ငလျင်( ဥာပနာအမွေအနှစ်များ-၆ )

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေအများဆုံး ကိုးကွယ်နေကြတဲ့ ဂေါတမဗုဒ္ဓမြတ်စွာဘုရားဟာ ဘုရားမဖြစ်မီ ပါရမီတော်တွေ ဖြည့်ကျင့်နေတဲ့ အလောင်းတော်ဘဝများကတည်းက ကြာပန်းတို့၊ အင်ကြင်းပန်းတို့နဲ့ ဆက်စပ်နေပါတယ်။ ဥဒါဟရုဏ်ဆောင်ရရင် အထင်ရှားဆုံးအနေနဲ့ စူဠသုဘဒ္ဒါဇာတ်တော်မှာ အင်ကြင်းပန်း၊ ဗျာဒိတ်ခံယူခဲ့တဲ့ သုမေဓာရှင်ရသေ့ဘဝမှာ ကြာပန်းတို့ဟာ အမြင်အလွယ်ဆုံး ဖြစ်ပါတယ်။ တစ်ခါ ဘုရားဖြစ်မယ့်ဘဝမှာတော့ မိခင်ဖြစ်သူ မယ်တော်မာယာဒေဝီက ဒေဝဒဟပြည်အသွား လမ်းခုလပ် လုမ္ဗိနီသာမော အင်ကြင်းတောမှာ ဖွားတော်မူပြန်တော့ မယ်တော်က အင်ကြင်းပန်းတွေ ဝေနေအောင်ပွင့်နေတဲ့ အင်ကြင်းကိုင်းကို အားပြုလို့ မွေးဖွားသန့်စင်လာသလို ဖွားမြင်ပြီးစ အလောင်းတော် မင်းသားလေးဟာ မြောက်ဘက်ကို မျက်နှာပြုလို့ ခြေခုနစ်ဖဝါး လျှောက်လှမ်းကာ 'အဂ္ဂေါဟမသ္မိ လောကဿယ ဇေ ဋ္ဌောဟ မသ္မိ လောကဿ၊ သေဋ္ဌောဟ မသ္မိ လောကဿ' ရယ်လို့ လောကကြီးကို ကြွေးကြော်ပါတယ်။ အဲ့ဒီလို ကြွေးကြော်ဖို့ လျှောက်လှမ်းတဲ့အခါတိုင်း နုနယ်လှတဲ့ အလောင်းတော်လေးရဲ့ ခြေဖဝါးအောက်မှာ ပဒုမ္မာကြာပန်းတွေ ခံလာပေးခဲ့တယ်ဆိုတာ ဗုဒ္ဓဝင်ကို လေ့လာဖူးသူတိုင်း အမှတ်ရကြမှာပါ။ နောက်တစ်ခါ မြတ်ဗုဒ္ဓကိုယ်တော်တိုင်က သူဟာ ကြာပန်းနဲ့ တူတယ်။ ကြာပန်းဟာ ရေနဲ့ ညွန်ကို အမှီပြုလို့ ပွင့်လာရပေမယ့် ရေတို့ ညွန်တို့နဲ့ ကပ်ငြိလိမ်းကျံခြင်းမရှိဘဲ လွတ်ကင်းသန့်စင်နေတယ်။ သဘောကတော့ ကာမဂုဏ်နဲ့ တဏှာတွေကြားမှာ လူသားအဖြစ် မွေးဖွားလာခဲ့သော်လည်း သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်ပြီးတဲ့နောက်မှာတော့ အဲ့ဒီကာမဂုဏ်တွေနဲ့ လွတ်ကင်းသွားပြီရယ်လို့ ဟောကြားခဲ့ကြောင်း ပါမောက္ခချုပ်ဆရာတော် နန္ဒမာလာဘိဝံသ ဟောကြားတဲ့ 'လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏စွမ်းဆောင်ချက်' တရားတော်ထဲမှာ နာကြားမှတ်သားခဲ့ရပါတယ်။ နောက်ဆုံး သက်တော် (၈၀)၊ ဝါတော် (၄၅)မှာ ဘဝခန္ဓာရရှိသူတိုင်း မလွန်ဆန်နိုင်တဲ့ သေခြင်းသဘောအရ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်မှာ မြောက်ဘက်ဦးခေါင်းပြု၊ အနောက်ဘက်ကို မျက်နှာလှည့်ကာ ပရိနိဗ္ဗာန်စံဝင်တော့လည်း အင်ကြင်းပန်းတွေ ပွင့်တဲ့ကာလဖြစ်တယ်ဆိုတာ မှတ်သားရပြန်ပါတယ်။ အဲ့ဒီကြာပန်းတို့၊ အင်ကြင်းပန်းတို့ဆိုတာ လောကမှာ မျက်မြင်ထင်ရှားတွေ့ရတဲ့ တကယ့်သဘာဝပန်းစင်စစ်များ ဖြစ်ကြပါတယ်။ ဘုရားဖြစ်တော်မူပြီး တရားဟောကြားတဲ့ အချို့သော ဗုဒ္ဓဝင်အခန်းများမှာ နတ်၊ ဗြဟ္မာတွေက နတ်ပန်းတွေနဲ့ ပူဇော်ကြတယ်။ အထင်ရှားဆုံးကတော့ မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်တဲ့အခါ နတ်တွေ၊ ဗြဟ္မာတွေနဲ့ နတ်ပန်းဗိမ္မာန်ကြီးနဲ့ အုပ်မိုးကာ ပူဇော်ကြတယ်လို့ ဗုဒ္ဓဝင်တွေထဲမှာ ဖော်ပြကြပါတယ်။ ဒါပေမဲ့ အဲ့ဒီနတ်ပန်းဆိုတာ အဆင်းသိပ်လှပြီး အနံ့မွှေးကြိုင်နေတယ်ဆိုတာလောက်ပဲ ဖော်ပြကြပါတယ်။ အသေးစိတ်ကိုတော့ ဖော်ပြထားတာ မတွေ့မိပါ။ သို့သော် တကယ့်သဘာဝပန်းမဟုတ်ဘဲ မြတ်ဘုရားဘဝရဲ့ အချို့သော ထင်ရှားတဲ့အဖြစ်အပျက်နဲ့ တိုက်ဆိုင်ပြီး ပွင့်ပေါ်လာရတဲ့ နတ်ပန်းတစ်မျိုးကတော့ မန္ဒာရဝနတ်ပန်း ဖြစ်ပါတယ်။ အဲ့ဒီ မန္ဒာရဝနတ်ပန်းနဲ့ ပတ်သက်ပြီး ကျီးသဲလေးထပ်ဆရာတော် ရေးသားပြုစုတဲ့ ဇိနတ္ထပကာသနီကျမ်း စာမျက်နှာ(၃၇၄) မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ခန်း အရှင်မဟာကဿပ ကုသိနာရုံသို့ ကြွလာခြင်းမှာ အောက်ဖော်ပြပါအတိုင်း တွေ့ရပါတယ်။

'ထိုအခါ အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်း ငါးရာတို့နှင့်တကွ ကြွလာ၏။ ထိုသို့ ကြွလာရာ၌ တပည့်သံဃာတို့သည် မွန်းတည့်သည့်အခါ ပူလှစွာသော ကျောက်နှင့်တူသော မြေပူကိုနင်း၍လာခြင်းကြောင့် ပင်ပန်းကာ ရှင်မဟာကဿပလည်း ညချမ်းအခါမှ ကုသိနာရုံသို့ ရောက်အောင်သွား၍ ဘုရားရှင်ကို ဖူးမြင်တော့အံ့ဟု ကြံလျက် ခရီးမှရပ်၍ တစ်ခုသော သစ်ပင်ရင်း၌ နားနေကြ၏။ ယင်းသို့နားနေသောအခါ တစ်ယောက်သော တက္ကဒွန်းသည် ခွက်ကြီးပမာဏရှိသော မန္ဒာရဝမည်သော ထင်ရှားသောပန်းကို ထီးကဲ့သို့ဆောင်းလျက် ပါဝါပြည်သို့လာ၏၊ အရှင်မဟာကဿပမြင်လျှင် ဤသို့ဆင်ခြင်၏။ ဤတက္ကဒွန်း၏ လက်၌ပါသော မန္ဒာရဝပန်းသည် အခါခပ်သိမ်း ငါတို့လူ့ပြည်၌မထင်၊ အကြင်တန်ခိုးရှိသော ပုဂ္ဂိုလ်တို့ ဖန်ဆင်းသောအခါ၌လည်းကောင်း၊ ဘုရားအလောင်းတို့ ပဋိသန္ဓေနေသောအခါ၌လည်းကောင်း၊ ဖွားသောအခါ စသည်တို့၌လည်းကောင်း ဖြစ်၏။ ယခုအခါမူကား မည်သူမျှလည်း တန်ခိုးမဖန်ဆင်း၊ ငါတို့ဆရာ မြတ်စွာဘုရားသည်လည်း တရားဓမ္မစကြာကို ဟောတော်မူပြီးပြီ။ တန်ခိုးပြာဋိဟာကိုလည်း ပြတော်မူပြီး တာဝတိံသာနတ်ပြည်မှလည်း တက်တော်မူပြီ။ အာယုသင်္ခါရလည်း လွှတ်တော်မူပြီ။ ဤအခါကား ဘုရားဧကန် ပရိနိဗ္ဗာန် ယူတော်မူသည် ဖြစ်လတ္တံ့။ ဤတက္ကဒွန်းကို ငါမေးရသော်ကောင်း၏။ သို့ရာတွင် ဤနေရာကနေ၍ မေးချေလျှင် ဘုရားရှင်ကို မရှိသေရာကြလတ္တံ့ဟု ကြံ၍ ဆဒ္ဒန်ဆင်မင်း၏ ပတ္တမြားစီတပ်သော ချပ်တန်ဆာကဲ့သို့ မြတ်စွာဘုရား သနားတော်မူသော ပံ့သကူ ဒုကုဠ်ကိုရုံ၍ လက်စုံယှက်ကာ ထိပ်ထက်၌ တင်ပြီးသော် ငါ့အရှင် အာဇီဝက···· ငါတို့ဆရာ မြတ်စွာဘုရားကို သင်ကားသိပါသလောဟု မေး၏။

တက္ကဒွန်းကလည်း ငါ့ရှင် ငါသိပါ၏။ ရဟန်းဂေါတမသည် ပရိနိဗ္ဗာန်ပြု၍ ယနေ့ ခုနစ်ရက်ရှိပြီ။ ဤမန္ဒာရဝပန်းသည် ရဟန်းဂေါတမ ပရိနိဗ္ဗာန်ယူရာကပင် ငါရခဲ့သတည်းဟု ပြောပေ၏။ ထိုစကားကိုကြားလျှင် ငါးရာသော ရဟန်းတို့တွင် ပုထုဇဉ်သောတာပန်၊ သကဒါဂါမ်ဖြစ်ကုန်သော ရဟန်းတို့သည် ဆောက်တည်ရာမရ ငိုကြွေးကြကုန်၏။' ဒါကကျမ်းထဲမှာ ဖော်ပြထားတဲ့ အထောက်အထား ဖြစ်ပါတယ်။ အဲ့ဒီအထောက်အထားများအရ မန္ဒာရဝပန်းဆိုတာ မြေပြင်ပေါ်မှာ သဘာဝအတိုင်း ပေါက်နေတဲ့ ပွင့်လာတဲ့ ပန်းပင်မျိုးမဟုတ်ဘဲ မြတ်ဘုရားနဲ့သာ သီးသန့်သက်ဆိုင်တဲ့ နတ်ပန်းတစ်မျိုးဆိုတာ သေချာသွားစေပါတယ်။ မန္ဒာရဝပန်းကို ပုဂံခေတ်က ရေးဆွဲခဲ့တဲ့ နံရံပန်းချီ အထောက်အထားအနေနဲ့လည်း မြင်းကမ္ဘာဂူပြောက်ကြီး၊ ကုသဘုရားနဲ့ အခြားဘုရား နံရံဆေးရေး တော်တော်များများမှာ တွေ့ရပါတယ်။ တစ်ခါ ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီး မြေညီထပ်မှာ ပြထားတဲ့ မြတ်ဘုရား



ဖွားတော်မူခန်းမှ မန္ဒာရဝပန်း။



ဥာပနာဆင်းတုတော်နှင့် မန္ဒာရဝပန်း။

ပရိနိဗ္ဗာန်စံဝင်တော်မူခန်း သဲကျောက်ထွင်းရုပ်ကြွထဲမှာလည်း သိသာထင်ရှားစွာ လေ့လာတွေ့ရှိရပါတယ်။ အဲ့ဒါတွေ တွေ့တုန်းက ကျွန်တော်တို့ရဲ့ ဘိုးဘေး ပုဂံက အနုပညာရှင်များရဲ့ ပညာစွမ်း၊ စေတနာစွမ်း၊ လက်ရာစွမ်းတွေကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိခဲ့ရပါတယ်။ သူတို့ဟာ မည်ကာမတ္တ ပန်းချီပညာသည်၊ ကျောက်ဆစ်ပညာသည်များ မဟုတ်ကြဘဲ ပိဋကတ်စာပေများကို လေ့လာနှံ့စပ်ကြသူများ ဖြစ်ကြပါတယ်လို့ ဆရာဇော်ဂျီ ပြောခဲ့၊ ရေးခဲ့တာတွေကို ပြန်ပြောင်းလို့ အမှတ်ရစေခဲ့ပါတယ်။ ဆရာပြောပုံက သူတို့ဟာ ပိဋကတ်စာပေကို လေ့လာနှံ့စပ်ရုံမကဘဲ နောင်အနာဂတ်မှာ သူတို့ ဖန်တီးထားခဲ့တဲ့ နံရံပန်းချီတို့၊ ကျောက်ဆစ်လက်ရာတို့ကို လေ့လာကြည့်ရှုခံစားကြမည့်သူများကို ဗုဒ္ဓဝင်ပါ အကြောင်းအရာတွေနဲ့ ကိုက်ညီမှုရှိအောင် ပြောပြချင်တဲ့၊ တင်ပြချင်တဲ့ စေတနာစွမ်းအား သိပ်ကြီးမားတယ်လို့ဆိုတာကို ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့ရတော့ ဩော်··ဆိုပြီး ရင်သပ်ရှုမော အံ့သြကြရတာပါ။

အခုလည်း မန္ဒာရဝနတ်ပန်းနဲ့ပတ်သက်ပြီး မျက်ဝါးထင်ထင် တွေ့ရပြန်ပါပြီ။ ၂၈-၃-၂၀၂၅ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြီးဒဏ်ကြောင့် အမရပူရမြို့ဟောင်းတစ်ခို ဘုရား၊ စေတီများစွာ ပြိုပျက်ခဲ့ပါတယ်။ အဲ့ဒါတွေကို ရှင်းလင်းကြတော့ ဥာပနာ အမွေအနှစ် အထောက်အထားများစွာ ပေါ်ထွက်လာခဲ့ပါတယ်။ ရွှေဆင်းတု၊ ငွေဆင်းတုတော်တွေ၊ သက္ကရာဇ်အထောက်အထားပါ ဆင်းတုတွေ၊ စာအထောက်အထားပါ ဆင်းတုတွေနဲ့အတူ စကြာလက်နက်ကိုင်ထားတဲ့ မင်းရုပ်တု၊ ပကတိအတိုင်း ဖန်တီးထားတဲ့ ကျည်းပင်၊ ဆိတ်ကျောင်းညောင်ပင် အစရှိသဖြင့် ထူးခြားတဲ့ ဥာပနာအမွေအနှစ်တွေအကြောင်း သုတေသနရှုထောင့်ကနေ ဆောင်းပါးအဖြစ် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီဆောင်းပါးမှာတော့ ထူးထူးခြားခြား တွေ့လာရတဲ့ မန္ဒာရဝပန်းနဲ့အတူ ထုလုပ်ထားတဲ့ ဆင်းတုတော်တစ်ဆူ အမရပူရမြို့ အောင်မြေရွှေဘုံကျောင်းတိုက်အတွင်း ပြိုကျတဲ့ စေတီတော်တစ်ဆူထဲက တွေ့လာရလို့ ဗဟုသုတအလို့ငှာ တင်ပြလိုက်ပါတယ်။ အဲ့ဒီဆင်းတုတော်ကို ချိပ်ခံငွေပြားခတ်အဖြစ် ဖန်တီးထားပါတယ်။ အခြားဆင်းတုတော်များနဲ့ မတူဘဲ ဝဲ၊ ယာဒူးဘေးနားမှာ အရိုးတံနဲ့တကွ မန္ဒာရဝပန်းပွင့် တစ်ပွင့်စီ ဖန်တီးထားပါတယ်။ နံရံပန်းချီနဲ့ ကျောက်ဆစ်လက်ရာမှာ တွေ့ဖူးသော်လည်း ငွေဆင်းတုတော်နဲ့အတူ တစ်ပါတည်း ထည့်သွင်းဖန်တီးထားတာ ဒါပထမဆုံး တွေ့ဖူးတာပါပဲ။ ဆင်းတုတော်ရဲ့ သွင်ပြင်လက္ခဏာများအရ ဒုတိယအမရပူရခေတ်လက်ရာလို့ သုံးသပ်ရပါတယ်။ အခြားဆင်းတုတော်များကိုလည်း ကျည်းပင်တို့၊ ဆိတ်ကျောင်းညောင်ပင်တို့ကို ပကတိပုံစံအတိုင်း ပြုလုပ်ခဲ့တဲ့ ပညာရှင်ပဲဖြစ်မယ်လို့ အတူတွေ့ရတဲ့အတွက် ခန့်မှန်းရပါတယ်။ ဝတ္တရားကျေလုပ်လျှင် ဖြစ်ပါလျက်သားနဲ့ စေတနာထည့်ပြီး ပကတိ သစ်ပင်၊ သစ်ရွက်နဲ့တူအောင်လုပ်လို့ လေးစားမိတဲ့အပြင် သူတကာတွေလုပ်ခဲတဲ့ မန္ဒာရဝပန်းနဲ့ပါ ပြုလုပ်ခဲ့တဲ့အတွက် အံ့သြမိပြန်ပါတယ်။ အဲ့ဒီပညာရှင်ဟာ အခြားသူများနဲ့မတူ ဗုဒ္ဓဝင်စာပေကို လေ့လာလိုက်စားထားမှန်း ဒီတစ်ချက်နဲ့တင် သိသာစေပါတယ်။ ဗုဒ္ဓဝင်စာထဲမှာ ဖော်ပြပါရှိသလို ခွက်ကြီးပမာဏရှိသောဆိုတဲ့ အထောက်အထားအတိုင်း မန္ဒာရဝပန်းနှစ်ပွင့်ကို ပြုလုပ်ထားတာ ပုံထဲမှာ ဖော်ပြထားတဲ့အတိုင်း ဆင်းတုတော်အရွယ်ပမာဏနဲ့ နှိုင်းစာကြည့်ရင် သိနိုင်ပါတယ်။ တွေ့ရှိလေ့လာသူများအနေနဲ့လည်း ဗုဒ္ဓဝင်စာပေတွေနဲ့သာ အလှမ်းဝေးရင် အဲ့ဒီဆင်းတုတော်ကို ဘာမှန်းသိမှာမဟုတ်ပါဘူး။ ရုတ်တရက်ကြည့်ပြီး ပဒုမ္မာကြာလို့ ပြောရအောင်ကလည်း အရွယ်အစားပမာဏက ကြီးလွန်းနေပါတယ်။ ဒါကြောင့်လည်း ရှေးပညာရှိကြီးတွေက စာဖတ်ကြဖို့ အလိမ္မာစာမှာရှိကြောင်း တိုက်တွန်းကြတာလို့ ခံစားလိုက်ရပါတယ်။ အခုလို သုတေသနရှုထောင့်ကနေ ဥာပနာဆင်းတုတော်များကို ဗဟုသုတအဖြစ် ရေးသားတင်ပြနိုင်တာကလည်း ငလျင်ကြီးကြောင့်လို့ အကောင်းမြင်စိတ်နဲ့ ပြောရမလို ဖြစ်နေပါတယ်။ ငလျင်ကြောင့် ပျက်စီးရသလို ငလျင်ကြောင့်ပဲ ရှေးမြန်မာပညာရှင်များရဲ့ပညာစွမ်းအား၊ စေတနာစွမ်းအားကိုလည်း သိလိုက်ရပြီး နှစ်သက်လေးစားမှု ပို၍ဖြစ်မိပါကြောင်း။

ကျမ်းကိုး။ ။ ဇိနတ္ထပကာသနီကျမ်း -
ကျီးသဲလေးထပ်ဆရာတော်
လက်တွေ့လေ့လာတွေ့ရှိချက်

ရက္ခိတ(ရှေး/သု)

# စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ နေပြည်တော်စာပေဝိုင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များက စာရေးဆရာ ဒေါက်တာအောင်ကျော်ဦး ရေးသားသည့် "ဓမ္မိယလဒ္ဓ" ဆောင်းပါးနှင့် ဒေါက်တာမြတ်မိုးရေးသားသည့် "အကြောင်းကောင်းခြင်းမှသည် အကျိုးကောင်းခြင်း အရည်အသွေးတစ်ခု" ဆောင်းပါးများဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဆွေးနွေးပွဲသို့ နေပြည်တော်စာပေဝိုင်းဂုဏ်ထူးဆောင်နာယက အမေ တင်ရီမ(ညောင်ဦး)၊ စာရေးဆရာ ဒေါက်တာ အောင်ကျော်ဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်စာပေဝိုင်း အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် စာပေဝိုင်း ဂုဏ်ထူးဆောင်နာယက အမေတင်ရီမ (ညောင်ဦး)က အဖွင့်အမှာစကား ပြောကြားပြီး စာရေးဆရာ ဗကျော်(နေပြည်တော်)၊ ဆရာ ကဖိုးကျင်၊ ဆရာ စိုးတင့်(ဇရာဝတီ)၊ ဆရာ သဘာဝ နှင့် ဆရာမ မေချို(ပျဉ်းမနား)တို့ နှင့် နေပြည်တော်စာပေဝိုင်း နာယကအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် နေပြည်တော် စာပေဝိုင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များက စာရေးဆရာ ဒေါက်တာအောင်ကျော်ဦး ရေးသားသည့် "ဓမ္မိယလဒ္ဓ" ဆောင်းပါးနှင့် ဒေါက်တာ မြတ်မိုး ရေးသားသည့် "အကြောင်းကောင်းခြင်းမှသည် အကျိုးကောင်းခြင်း အရည်အသွေးတစ်ခု" ဆောင်းပါးများဖြင့် မိမိတို့၏အတွေး၊ အမြင်၊ ရှုထောင့်အသီးသီးမှ သုံးသပ်ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် အမေတင်ရီမ(ညောင်ဦး)က စာရေးဆရာ ဟန်ညွန့်(ယဉ်ကျေးမှု)အား ကရုဏာ ထောက်ပံ့ကြေး ငွေကျပ် ၁၀၀၀၀၀၊ စာရေးဆရာ အိုင်ပီမျိုးအောင်က နေပြည်တော်စာပေဝိုင်းအား အလှူငွေကျပ် ၁၀၀၀၀၀ ကို အမေတင်ရီမ(ညောင်ဦး)ကလက်ခံရယူပြီး ဩဂုတ် ၁၉ ရက်တွင် ကျင်းပမည့် လယ်ဝေးမြို့နယ်၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် Golden Iron Zone Investment Group Co.,Ltd. မှ Chairman အိုင်ပီမျိုးအောင်မှ အလှူငွေကျပ် ၃၀၀၀၀၀ အား ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

# မူလတန်းအဆင့် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ကျင်းပ



**တာချီလိတ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကလေးစာဖတ်ခန်း၌ အခြေခံပညာ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူလေးများ၏ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ တာချီလိတ်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလတ်က တိုင်းပြည်၏ အနာဂတ် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလေးများအား စွမ်းရည် ထက်မြက်၊ ဉာဏ်ရည်သွက်ပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ပိုမိုချစ်ခင်ရင်းနှီးကြစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲများကို ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူလေးများ၏ စိတ်ကြိုက်ဆေးရောင်ခြယ်ပြိုင်ခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ စာဖတ်စွမ်းရည်ပြိုင်ခြင်းနှင့် ကာယစွမ်းရည်ပြိုင်ခြင်းများအား ကလေးငယ် ၃၀ ဦး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့် အမှတ်တရ ဗလာစာအုပ်များကို ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်လင်းက ပေးအပ်ချီးမြှင့်ခဲ့သည်။

(အပေါ်ပုံ)

တာချီလိတ်ခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်တွင် ကလေးစာဖတ်ခန်းကို သီးသန့်ဆောင်ရွက်ထားပြီး ကလေးများအကြိုက်၊ ပုံပြင်ပြောပြခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ အရုပ်ဆက်ခြင်း၊ စက္ကူအရုပ်ခေါက်ခြင်းနှင့် စွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်းဖြင့် ကလေးများ စိတ်ကြည်နူးချမ်းမြေ့လျက်ရှိကြောင်း သိရသည်။

**အေးအေးလတ်(ခရိုင်/ပြန်ဆက်)**




# အခြေခံစာကြည့်တိုက်ပညာသင်တန်း (၂/၂၀၂၅)ဆင်းပွဲ ကျင်းပ

**ကလေး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အခြေခံစာကြည့်တိုက်ပညာသင်တန်း(၂/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကလေးခရိုင်လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး ကလေးတက္ကသိုလ်မှ စာကြည့်တိုက်မှူး နည်းပြဆရာမအား နည်းပြချီးမြှင့်ငွေ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ၊ ကလေးတက္ကသိုလ်မှ စာကြည့်တိုက်မှူးများက စာကြည့်တိုက်ပညာရပ်များကို ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းသား၊ သင်တန်းသူ ၂၃ ဦးအား စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့လေး

## သစ်ပင်စိုက်ကြ စွမ်းအင်ရ

* မိုးရာသီတွင် ပြည်တစ်ခွင်၌
သစ်ပင်စိုက်ပွဲ ဆင်ယင်နွှဲသည်
ပြည်လည်းလှပ စွမ်းအင်ရလျက်
ဘေးအန္တရာယ် အသွယ်သွယ်ကို
ကာကွယ်ပေးကာ မြေကမ္ဘာလည်း
ခိုင်မာသက်ရှည် တည်တံ့နေမည် ။

* ပူနွေးကမ္ဘာ တားဆီးရာဝယ်
ဖြေရှာတစ်ခု တောပြုစုမှ
ဥတုရာသီ ပုံမှန်လည်ပြီး
အောက်ဆီဂျင်ထုတ် ကာဗွန်စုပ်ကာ
တစ်အုပ်တစ်မ စိုက်ပျိုးကြလျှင်
ဂေဟာစနစ် ပုံမှန်ဖြစ်တည် ။

* သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို
တန်ဆောင်းဇရပ် ဆောက်တည်မှတ်သို့
ထူးမြတ်ကုသိုလ် ဘဝထို၌
အလိုဆန္ဒ တတိုင်းရလျက်
သုခသန္တိ စည်းစိမ်တိနှင့်
"မရှိ"စကား ရှာမှရှားတည်း ။ ။

မိုးဝင့်အောင်





## အောင်မြေသာစံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့(၂၁၁)ကြိမ်မြောက် သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့တွင် ယမန်နေ့ နံနက်ပိုင်းက (၂၁၁) ကြိမ်မြောက်အဖြစ် သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူဒါန်းကြသည်။

အရုဏ်ဆွမ်းလောင်းလှူဒါန်းခြင်းတွင် လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော သံဃာ၊ သာမဏေအပါး ၁၅၀ အား မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ (၃) တပ်ခွဲမှူးမောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆွမ်း၊ ဆွမ်းဟင်းလျာများ ဆက်ကပ် လောင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

## ဝါဆိုဆန်နှင့် ဝါဆိုသင်္ကန်းများ လှူဒါန်းကုသိုလ်ပြု

**မန္တလေး ဩဂုတ် ၁၈**




မန္တလေး၊ တောင်စလင်းတိုက် ဘာဝနာဌာန ပဓာနနာယကဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်နှင့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး)သို့ မန္တလေးမြို့နေ အလှူရှင် ဒေါ်ကြူကြူ(ကညန - ငြိမ်း)၊ (မြေး) မဖြူစင်သန့်၊ မမြတ်စုသန့် မိသားစုက ဝါဆိုဆန်တစ်အိတ်နှင့် သင်္ကန်းတစ်စုံတန်ဖိုး ငွေကျပ်တစ်သိန်းသုံးသောင်းကျပ်ကို ယမန်နေ့က လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံးဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

မန္တလေးမြို့ ယာဉ်ပုံရပ်နေ အလှူရှင် ဦးအုန်းမောင်+ဒေါ်ချစ်ချစ် မိသားစုက ဝါဆိုဆန်တစ်အိတ်နှင့် ဝါဆိုသင်္ကန်း တစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်နိုင်ဇင်မင်းက ဝါဆိုဆန် တစ်အိတ်၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးမြင့်ကျော်အား ရည်စူး၍ ဒေါ်မိုးသီတာလှိုင် (သား) ကိုဖြိုးသန့်ထူး+မထက်စန္ဒီထွန်း၊ (မြေး)မိသားစုက ဝါဆိုဆန်တစ်အိတ်၊ ဝါဆိုသင်္ကန်းတစ်ထည်၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးအောင်ခန့်+ ဒေါ်သန်းသန်းတို့အား ရည်စူး၍ အောင်မင်္ဂလာတည်းခိုခန်း မိသားစုက ဝါဆိုဆန်တစ်အိတ်တို့ကို လှူဒါန်းကြသည်။

လှူဒါန်းလိုပါက ဝါဆိုဆန်တစ်အိတ် တစ်သိန်း၊ ဝါဆိုသင်္ကန်းတစ်စုံ သုံးသောင်းကျပ်ဖြင့် ဖုန်းနံပါတ် ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၉၇၅၇၆၄၃၂၃ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)

**ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေးမြို့၊ နန်းတော်ရှေ့ စီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် အောင်မြေသာစံမြို့နယ်၊ လမ်း ၆၀(A)၊ ၁၅လမ်းနှင့် ၁၆လမ်းကြားနေ ဒေါက်တာစီစီဝင်းက (၆၄)နှစ်ပြည့် မွေးနေ့အလှူတော်အဖြစ် ဆေးပဒေသာပင်အလှူငွေကျပ် ငါးသိန်းကို ယမန်နေ့က ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူစဉ်။**

(မန္တလေးနေ့စဉ်-၁)




## မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ငလျင်ဘေးသင့်အိမ်ထောင်စုများအား ပြန်လည်ထူထောင်ရေး ငွေများ ထောက်ပံ့

**မြစ်သား ဩဂုတ် ၁၈**



မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသော အိမ်ထောင်စုများအား ပြန်လည်ထူထောင်ရေးအတွက် ငွေများ ထောက်ပံ့ခြင်းအစီအစဉ်ကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် မြစ်သားမြို့၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ လမ်းခွ၊ ပေါ်မော၊ ပေတော၊ အိုးသူကြီး၊ ဈေးကုန်း၊ ရွာသစ်၊ ကံသာ၊ မြစ်ဆုံကြီးနှင့် ကြို့ပင်ခြံရပ်ကွက်များရှိ ငလျင်ဘေးသင့် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် လေးသိန်းနှုန်းဖြင့် အိမ်ထောင်စုပေါင်း ၄၄၅ စု အတွက် ငွေကျပ် ၁၇၈၀ သိန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်ပါမောက္ခ ဒေါက်တာမာလာဝင်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက အိမ်ထောင်စုများသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ငွေထောက်ပံ့မှုအစီအစဉ် ဆောင်ရွက်ရာတွင် ကြက်ခြေနီစေတနာရှင်များက ငလျင်ဒဏ်ထိ ရပ်ကွက်များသို့ သွားရောက်၍ ဖွန်၊ ဇူလိုင်လများက ကွင်းဆင်း၍ စနစ်တကျ လေ့လာဆန်းစစ်ပြီး အိမ်ထောင်စု တစ်စုချင်းအလိုက် လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ သတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ငွေသားများ ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

၀-၀-၀-၀-၀-၀-၀

## ငလျင်ဘေးသင့်ပြည်သူများနှင့် မြေပြိုဘေးကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်များအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးထောက်ပံ့

**ရွာင် ဩဂုတ် ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်တွင် ငလျင်ဘေးသင့်ပြည်သူများနှင့် မြေပြိုဘေးကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်များအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာ ထောက်ပံ့ခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဆိုင်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားသဘာဝဘေးကော်မတီမှ ငလျင်ဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာဆန်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

ရွာငံမြို့နယ်တွင် စားနပ်ရိက္ခာ(၆/၂၀၂၅) တစ်လစာ ဆန်ထောက်ပံ့မှုကို အိမ်ထောင်စု ၂၈၇ စု မှ လူဦးရေ ၁၁၇၁ ဦးအတွက် ဆန်အိတ် ၃၆၆ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဩဂုတ် ၅ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ပြို၊ မြေပြိုမှုများကြောင့် ရွာငံမြို့နယ်၊ အလယ်ချောင်ကျေးရွာအုပ်စု၊ ညောင်ခခြေထောက်ကျေးရွာရှိ လူနေအိမ် ၁၄ လုံးအနက် ပြိုကျလုနီးပါး ငါးအိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီးကိုးအိမ်တို့အား ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးမှ ထောက်ပံ့ငွေကျပ် ၁၃၃၅၀၀၀ အား ထောက်ပံ့ပေးအပ်ခြင်းနှင့် ပြိုကျငါးအိမ်၊ လူဦးရေ ၁၇ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့အား ပေးအပ်ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၃၈)

၀-၀-၀-၀-၀-၀-၀



### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀၊ (၄၈) ကီလိုမီတာ ထက်ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀၊ (၈၀) ကီလိုမီတာထက်ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# i-print ဆိုင်းဘုတ်၊ ပီနိုင်းပုံနှိပ်နှင့်ကြော်ငြာဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၆၈၁)၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ အမှတ်(ဘီ-၁(၅-၆))နေ ဒေါ်ချောစုလှိုင်(ဘ)ဦးသိန်းမောင်(၉/ခအဇ(နိုင်)၀၅၂၂၀၂)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးတားမြစ်ကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုလှိုင်သည် (၂၀-၁-၂၀၀၉)ခုနှစ်တွင် ဦးခင်မောင်အေးနှင့်အတူ i-print လုပ်ငန်းကို စတင်တည်ထောင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် ဦးခင်မောင်အေးတို့၏ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ ကြိုးစားအားထုတ်မှုတို့ကြောင့် i-print လုပ်ငန်းသည် အောင်မြင်ထင်ရှားသော လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လာခဲ့ပါသည်။ သို့သော် i-print လုပ်ငန်းအား နှစ်ဦးပိုင်လုပ်ငန်းအဖြစ် အတူတကွ လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်း မရှိကြတော့ကြောင်း ဦးခင်မောင်အေးဘက်မှ (၂၀၂၃)ခုနှစ်ကတည်းက ကမ်းလှမ်းလာခဲ့သဖြင့် မိမိရပိုင်ခွင့်အား ကိုယ်စီခွဲဝေရယူကြရန် (၂၀၂၃)ခုနှစ်ကတည်းက ညှိနှိုင်းလာခဲ့ရာတွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင်မှ နှစ်ဦးနှစ်ဖက် သဘောတူညီမှု ရရှိခဲ့ကြပါသည်။ လုပ်ငန်းပိုင်ဆိုင်မှုများနှင့် ဝန်ထမ်းများကို ရှယ်ယာအချိုးအစား (၂း၁)အတိုင်း မဲနှိုက်ခွဲဝေယူရန် ဦးခင်မောင်အေးဘက်မှ စတင်စီစဉ်လုပ်ဆောင်ခဲ့ပြီး လုပ်ငန်းအမည်နှင့်နေရာကို လေလံစနစ်ဖြင့် ခွဲဝေယူကြရန် နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ပါသည်။ လုပ်ငန်းပိုင်ဆိုင်မှုများကို လေလံစနစ်ဖြင့် ခွဲဝေရန် သဘောတူပြီးနောက် အပြီးသတ်ခွဲဝေခြင်း ကတိစာချုပ် ချုပ်ဆိုရန် ပြင်ဆင်နေစဉ် (၁၅-၁-၂၀၂၅)ရက်တွင် ဦးခင်မောင်အေး ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် (၁၆-၁-၂၀၂၅) ရက်တွင် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးခင်မောင်အေး၏ ဇနီးဖြစ်သူ ဒေါ်နန်းလှလှဌေး(ကိုယ်စား-ဒေါ်ခင်ကောင်းစံစံ)တို့အကြား သဘောတူညီမှုစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ၎င်းစာချုပ် ချုပ်ဆိုခြင်းကိုလည်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုလှိုင်မှ လူမှုရေးအရ ရက်အကန့်အသတ်မရှိ နောက်ဆုတ်ခဲ့သော်လည်း ဒေါ်နန်းလှလှဌေး(ကိုယ်စား ဒေါ်ခင်ကောင်းစံစံ)တို့၏ ဆန္ဒအရ (၁၆-၁-၂၀၂၅)ရက်တွင် စာချုပ် ချုပ်ဆိုကြခြင်းဖြစ်ပါသည်။ လေလံပြိုင်ဆိုင်မှုစနစ်အရ i-print လုပ်ငန်းပိုင်ဆိုင်မှု၏ သုံးပုံ၊ နှစ်ပုံကို ဒေါ်နန်းလှလှဌေးက ရရှိပြီး သုံးပုံ၊ တစ်ပုံကို ကျွန်ုပ်၏မိတ်ဆွေမှ ရရှိမည်ဖြစ်ပါသည်။ လေလံတွင် အမြင့်ဆုံးဈေး ကျပ်သိန်း ၅၁၀၀ ဖြင့် အောင်မြင်ခဲ့သူ ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်နန်းလှလှဌေးထံသို့ သတ်မှတ်ထားသော စာချုပ်ပါငွေများကို (၁၆-၂-၂၀၂၅)ရက်တွင် အပြေအကြေ ပေးချေခဲ့ပါသည်။ ထို့နောက် နှစ်ဖက်သဘောတူညီမှုဖြင့် 'အစုစပ်လုပ်ငန်း၏ စာရင်းရှင်းလင်းခြင်းနှင့် လုပ်ငန်းအမည်၊ လုပ်ငန်းတည်ရှိရာနေရာ၊ လုပ်ငန်းပိုင်ပစ္စည်းနှင့် ငွေကြေး၊ တာဝန်တို့ကို ခွဲဝေသည့်ကတိစာချုပ်'ကို ချုပ်ဆိုခဲ့ပြီး i-print လုပ်ငန်းကို ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းပိုင်လုပ်ငန်းအဖြစ် ဆက်လက်လုပ်ကိုင်ခဲ့ပြီး ယခင်ထက်ပင် အဆပေါင်းများစွာ ပိုမိုအောင်မြင်ခဲ့ပါသည်။

ထိုသို့ ကျွန်ုပ်၏မိတ်ဆွေသည် ဦးဆောင်လုပ်ကိုင်နေသော i-print လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ဒေါ်ချောစုလှိုင်နှင့်ပတ်သက်၍ လည်းကောင်း ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ကာ မဟုတ်မမှန်သတင်းများ၊ ကောလာဟလများ ဖြန့်ဝေပြောဆိုနေသည်ကို ကျွန်ုပ်တို့အနေဖြင့် ပြန်လည်သိရှိရပြီး အဆိုပါလုပ်ရပ်များသည် ဥပဒေနှင့်မညီညွတ် လုပ်ရပ်များဖြစ်ပါသည်။ ထို့ကြောင့် i-print လုပ်ငန်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုလှိုင်တို့နှင့်ပတ်သက်၍ အကျိုးမဲ့သော၊ အခြေအမြစ်မရှိသော မဟုတ်မမှန်လုပ်ရပ်များကို ချက်ချင်းရပ်တန့်ပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အကယ်၍ အထက်ဖော်ပြပါ လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်ပါက ကျူးလွန်သူများအပေါ် အပြည့်အဝ တာဝန်ရှိစေမည်ဖြစ်ပြီး ထိုသို့သော လုပ်ရပ်များအတွက် ကျွန်ုပ်မိတ်ဆွေ၏ အခွင့်အရေးအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံးတော်များတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားတထုံး စွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ခဲ့ရပါက ကုန်ကျစရိတ်အဝဝနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအားလုံးအတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးတို့ အပါအဝင် တရားမနစ်နာမှုအတွက် ရထိုက်သော အခွင့်အရေးတို့ကိုပါ ကျူးလွန်သူအပေါ်၌ တာဝန်ထားရှိမည်ဖြစ်ကြောင်း အများသိစေရန် စေတနာကောင်းဖြင့် တစ်ပေါင်းတည်း သတိပေးအကြောင်းကြားလိုက်သည်။

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဥ်-၇၉၃၃)**
**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၅)၊ ဦးပိုင်နံပါတ်(၂၂-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဦးခင်မောင်ဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချမ်းအိအိဖြိုး(ဘ)ဦးသိန်းဇော်(၉/ပကခ(နိုင်)၀၁၀၉၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၁၀)၊ ဦးပိုင်နံပါတ်(၆)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးတင်လှ အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၃၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးလွင်(ဘ)ဦးထွန်းမြအေး(၁၀/ပမန(နိုင်)၁၃၉၃၄၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသဇင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမိုးမိုးထွန်း (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်…

❖ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အာမခံချက်များ ပေးနိုင်ရန်လို…

❖ သို့မှသာ နိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏ စီးပွားရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသို့တက်ရောက်

ထားဝယ် ဩဂုတ် ၁၈

ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရှေ့ဝယ်သီရိ ဖူဆယ်အားကစားခန်းမဥ္စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောမာတင်လှသာ၊ ကက်သလစ်သာသနာကျောင်းထိုင် ဘုန်းတော်ကြီး မွန်စီညော်ဖာသာရဲ ဂျိုးဇက်သိန်းခင်တို့က ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(ယာပုံ)



ထို့နောက် ကရင်တိုင်းရင်းသား တိုင်းရင်းသူများက ကရင်အမျိုးသားသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက မင်္ဂလာဖားစည်အားတီးပြီး ကရင်ရိုးရာပဒိုကျွဲချိုမှုတ်ကာ ထားဝယ်တက္ကသိုလ် ကရင်စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီက ကြိုးကျစ်အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာ (လက်ချည်ပွဲ)အခမ်းအနား ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်တွင် ကိုယ်ကျန်းမာစိတ်ချမ်းသာပြီး အန္တရာယ်အသွယ်သွယ် ကင်းဝေးစေရန် ချည်ဖြူဖြင့် နှောင်ပေးခြင်းဟု ယူဆကြကြောင်း၊ ဝါခေါင်လရောက်လျှင် ကွဲကွာနေကြသော ဆွေမျိုးများ ပြန်လည်ဆုံတွေ့ရေး၊ မိသားစုများ ပြန်လည်စုစည်းရေး၊ အချင်းချင်း ချစ်ကြည်သွေးစည်းမှု ခိုင်မာရေး၊ လူငယ်လူရွယ်များကို လူကြီးသူမများက ဆိုဆုံးမစကားများ ပြောနိုင်စေရေး၊ ရိုးရာယဉ်ကျေးမှုများ မပျောက်ကွယ်စေရေး၊ အသိပညာ၊ အတတ်ပညာမြင့်မားပြီး လူနေမှု အဆင့်အတန်း မြင့်မားသည့် လူမျိုးအဖြစ် အစဉ်တည်တံ့စေရေး ရည်ရွယ်ကျင်းပပြုလုပ်ခြင်း ဖြစ်သည့်အတွက် များစွာအတုယူဖွယ်ဖြစ်ကြောင်း။

ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကဲ့သို့ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းသည့် ပွဲတော်များကို အစဉ်အလာနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်သော ကိစ္စရပ်များကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပေးကြရန်၊ ရပ်ရွာအကျိုး၊ ဒေသအကျိုးနှင့် ပြည်ထောင်စုအကျိုးကို ဆတက်ထမ်းပိုး ထာဝစဉ်လက်တွဲ နေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်ပေးကြပါသော ပြည်ထောင်စုဖွား ကရင်တိုင်းရင်းသားများနှင့်တကွ တက်ရောက်လာကြသော တိုင်းရင်းသားများအားလုံး မင်္ဂလာအပေါင်းနှင့်ပြီးပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ချည်ဖြူဖွဲ့မင်္ဂလာ ရိုးရာဓလေ့ပွဲတော်ကို မပျောက်မပျက် ဆက်လက်၍ လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်ကြရန်နှင့် ကရင်တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လက်တွဲဆောင်ရွက်သွားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ပြောကြားသည်။

ဆက်လက်၍ ရမ္မဗူဒုံးယိမ်းအကအဖွဲ့က တိုင်းရင်းသားအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး တာဝန်ရှိသူများက ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ သမိုင်းကို စကောကရင်ဘာသာနှင့် မြန်မာဘာသာဖြင့် ဖတ်ကြားကာ ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ဦးစောအောင်ထွဋ်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသား သက်ကြီးဘိုးဘွားများနှင့် တိုင်းရင်းသားတိုင်းရင်းသူများက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူများအား ဆုတောင်းမေတ္တာပို့သပြီး ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာလက်ချည်ပေး၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကတိုင်းရင်းသားတိုင်းရင်းသူများကို ကရင်ရိုးရာစားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးနေမှုအား ကြည့်ရှုအားပေးကာ ရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကများနှင့် အဆိုဝါသနာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တနင်္သာရီတိုင်းဒေသကြီးသည် မိုးများသော ဒေသဖြစ်သောကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးအနက်ထားဆောင်ရွက်ပေးရန်လိုအပ်ပြီး သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် ဝန်ထမ်းများခန့်ထားရေးကို ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား၍ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ထားဝယ်)တို့အား ချီးမြှင့်ငွေများပေးအပ်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၁၈**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်း နည်းပြ Tetsuro Uki က “ဩစတြေးလျဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာတာကြောင့် မနက်ဖြန် ကစားရမယ့် ဗိုလ်လုပွဲက ပွဲကြီးပွဲကောင်းဖြစ်လာမှာပါ။ နောက်ပြီး ဩစတြေးလျဟာ ဆီမီးဖိုင်နယ်မှာ အိမ်ရှင် ဗီယက်နမ်ကို ပုံစံကောင်းပြပြီး အနိုင်ရခဲ့တာကြောင့် သူတို့အသင်းက ကစားသမားအားလုံးကို သတိထားသွားရမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကျွန်တော့်အသင်းက ကစားသမားတွေ ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝလာဖို့နဲ့ ဗိုလ်လုပွဲအတွက် အသင့်ဖြစ်အောင် လုပ်ဆောင်နေပါတယ်။ ဝင်းသိင်္ဂီထွန်းဟာ အသင်းအတွက် အလွန်အရေးပါတဲ့ ကစားသမားပါ။ ဒီပြိုင်ပွဲမှာ သွင်းဂိုး ၇ ဂိုးနဲ့ ဂိုးအများဆုံးသွင်းယူထားပါတယ်။ ဝင်းသိင်္ဂီထွန်းရဲ့ စွမ်းဆောင်ရည်ကို အထူးကျေနပ်မိပါတယ်။ ထို့အတူ အသင်းရှိ အခြားကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကိုလည်း အသိအမှတ်ပြု ချီးကျူးပါတယ်။ ကစားသမားအားလုံး ဗိုလ်လုပွဲမှာ အကောင်းဆုံးလုပ်နိုင်မယ်လို့ ယုံကြည်ထားပါတယ်”ဟု ပြောသည်။

မြန်မာအသင်းသည် ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဩဂုတ် ၁၉ ရက် (ယနေ့) မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀-၀

